# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 11 February 2024 ၁၁၃၆၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့် နေ့ရက်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့် နေ့ရက်သတ်မှတ်ခြင်း

အမိန့်ကြော်ငြာစာအမှတ် ၂၇ /၂၀၂၄

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်လိုက်သည်။

(ပုံ)
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်များ ခင်းကျင်းပြသရောင်းချပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းရောင်းချပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

## တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာအစားအသောက်ပြခန်း ၁၉ ခန်းတို့ကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ရောင်းချဖွင့်လှစ်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်များ ခင်းကျင်းပြသရောင်းချပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်တပေါင်းကွင်း၌ ကျင်းပပြုလုပ်ရာ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ဖွင့်လှစ်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြခန်းတာဝန်ခံများနှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များ တက်ရောက်ကြသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန် အရောင်းပြခန်းများကို ကြည့်ရှုအားပေးစဉ်။

ကြေးမုံ

# ညီညွတ်မှုအားဖြင့် ပြည်ထောင်စုအကျိုးသယ်ပိုး

ကမ္ဘာပေါ်တွင်ရှိသည့် နိုင်ငံများသည် မိမိနိုင်ငံကို ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေး၊ နိုင်ငံနှင့်လူမျိုး မြင့်မားတိုးတက်ရေးကို တက်ညီလက်ညီ ဝိုင်းဝန်းတည်ဆောက်နေကြသည်။ နိုင်ငံအများစုတွင် အယူအဆ၊ ယုံကြည်ချက် သဘောကွဲလွဲမှုတို့ကိုအကြောင်းပြု၍ ပဋိပက္ခအမျိုးမျိုးကြုံတွေ့ဖူးသည်။ အချို့ဆိုလျှင် ပဋိပက္ခများကြောင့် နိုင်ငံတစ်ခုလုံး ပြာဘုံဘဝရောက်ရှိခဲ့ပြီးမှ စည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်၍ နိုင်ငံပြန်လည်ဦးမော့လာအောင် တစ်စိတ်တစ်ဝမ်းတည်း ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည်။

နိမ့်ကျပျက်စီးခဲ့သောနိုင်ငံကို စည်းလုံးညီညွတ်မှု စုပေါင်းစွမ်းအားဖြင့် တိုးတက်ဖြစ်ထွန်းတောက်ပြောင်လာအောင် ကြိုးပမ်းအားထုတ်ခဲ့သည့် နိုင်ငံများကို ပတ်ဝန်းကျင်တွင် တွေ့မြင်နိုင်သည်။ အတိတ်ကဖြစ်ခဲ့သော ဆိုးမွေများကို သင်ခန်းစာယူ၍ အနာဂတ်မျိုးဆက်များလက်ထက်တွင် ဤသို့မဖြစ်အောင် ပြည်ထောင်စုသားအချင်းချင်း စိတ်ဝမ်းမကွဲဘဲ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံကို မြင့်သည်ထက်မြင့်အောင် ဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးသည်မှာ နှစ်ပေါင်း ၇၀ ကျော်ပြီဖြစ်သော်လည်း စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် မတည်ဆောက်နိုင်သေးပေ။

တိုင်းပြည်မှာ ရှေ့မတက်နိုင်ဘဲ အဆိုးသံသရာတွင် ဝဲလည်နေသည်ကိုတွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်ကို ပိုမိုကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်ရာ၌ အစိုးရတစ်ရပ်တည်း ဆောင်ရွက်နေ၍ ရည်မှန်းချက်ပန်းတိုင်သို့ ဆောလျင်စွာ ရောက်ရှိမည်မဟုတ်ပေ။ အစိုးရနှင့်အတူ ပြည်သူများက ဆိုင်ရာကဏ္ဍများမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြပါမှ ရည်မှန်းချက်သို့ အလျင်အမြန် ရောက်ရှိမည်ဖြစ်သည်။ ပဋိပက္ခများကြောင့် တိုင်းပြည်ရှေ့မတက်နိုင်ဘဲ နောက်ကျကျန်နေသည်ကို သင်ခန်းစာယူရမည်ဖြစ်သည်။ ပဋိပက္ခများနှင့် ဆက်သွားနေလျှင် အဆိုးသံသရာတွင်လည်နေပြီး ရှေ့သို့တက်ရန် အလှမ်းဝေးနေမည်ကို သတိမူရမည်ဖြစ်သည်။

ထို့ကြောင့် တိုင်းပြည်အနာဂတ်အတွက် စည်းလုံးညီညွတ်ကြရမည့် အချိန်အခါဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများသည် တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးပျက်စီးမှုများ၊ စိတ်မကောင်းစရာများပင်ဖြစ်သည်။ ယင်းကို မစားရဝခမန်း ဝမ်းမြောက်နေကြသူများ၊ မဟုတ်မမှန် လုပ်ကြံသတင်းများ ထုတ်လွှင့်ပြီး မပျက်စီးပျက်စီးအောင် အားထုတ်နေသူများသည် တိုင်းပြည်ကို ဖျက်ဆီးနေသည့် အမျိုးသားသစ္စာဖောက်များပင်ဖြစ်သည်။ အဖျက်လုပ်ရပ်များဖြင့် ပြည်သူများ အကျိုးစီးပွားပျက်စီးအောင် ပြုလုပ်မှုများကို တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် ဖယ်ရှားရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏ မတရားကိုလိုနီပြုမှုကြောင့် ကျွန်ဘဝရောက်ခဲ့ပြီးဖြစ်သည်။ သမိုင်းကြောင်းတစ်လျှောက်၌ ပြည်ပမှ နှောင့်ယှက်မှုအမျိုးမျိုး ကြုံတွေ့ခဲ့သည်။ ကျွန်ဘဝမှလွတ်မြောက်အောင် အသက်သွေးချွေးပေးဆပ်ပြီး ညီညွတ်မှုဖြင့် လွတ်လပ်ရေး အရယူခဲ့သည်။ လွတ်လပ်ရေးရရှိပြီးသော်လည်း နယ်ချဲ့လက်သစ်များက တိုင်းပြည်ပျက်စီးအောင် ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ပြည်ပတွင် အခြေချနေထိုင်သည့် မြန်မာနိုင်ငံဖွား တိုင်းဖျက်ပြည်ဖျက် ဆန့်ကျင်ရေးသမားများ၊ ပြည်ပမှနေ၍ အနောက်နိုင်ငံ လက်ဝေခံ ပြည်ဖျက်မီဒီယာများ၏ မဟုတ်မမှန် လုပ်ကြံသတင်းများ၊ ပုံကြီးချဲ့ကား၊ ကောလာဟလ သွေးထိုးလှုံ့ဆော်မြှောက်ပင့်ပေးမှုများဖြင့် တိုင်းပြည်ပျက်စီးအောင် လုပ်ဆောင်လျက်ရှိသည်။ ပြည်ထောင်စုသားအချင်းချင်း ညီညွတ်မှုမရှိသဖြင့် ပဋိပက္ခများ မရပ်မနား ဖြစ်ပေါ်လျက်ရှိသည်။ ယင်းတို့သည် သင်ခန်းစာယူစရာ အကြောင်းများဖြစ်သည်။

နွားကွဲလျှင် ကျားဆွဲပျက်စီးရသကဲ့သို့ မြန်မာလူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှုမရှိသရွေ့ ပြည်ပမှသွေးခွဲပြီး နိုင်ငံသားအချင်းချင်း ပျက်စီးအောင် လုပ်ဆောင်မှုများရှိနေမည်ဖြစ်သည်။ စည်းလုံးညီညွတ်မှုမရှိသဖြင့် ဖြစ်ပေါ်လာသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ပျက်စီးရသည်မှာ မြန်မာနိုင်ငံသားများပင်ဖြစ်သည်ကိုလည်းကောင်း၊ အချင်းချင်းစိတ်ဝမ်းကွဲပြားသဖြင့် တိုက်ခိုက်ဖျက်ဆီးမှုကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးပျက်စီးမှုများ၊ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရမှုများကို မြန်မာနိုင်ငံသားများပင် ခံစားနေရသည်ကိုလည်းကောင်း သေချာစွာရှုမြင်ဆင်ခြင်ပြီး အချင်းချင်း စိတ်ဝမ်းမကွဲပြားဘဲ စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်၍ မိမိနိုင်ငံအကျိုးစီးပွားကို ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြဖို့ အချိန်ကျရောက်နေပြီဖြစ်သည်။

မြန်မာနိုင်ငံကို ဖျက်ဆီးနေကြသူများမှာ လူတစ်စု၊ တစ်ဖွဲ့ဖြစ်သည်။ အစွန်းရောက်နိုင်ငံရေးသမားအချို့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့၊ မသမာသူအဖျက်သမားအချို့ဖြစ်သည်။ ဖျက်ဆီးခံနေရသူများမှာ ပြည်ထောင်စုဖွား နိုင်ငံသားအများစုဖြစ်သည်။ သို့ဖြစ်ရာ ပြည်ထောင်စုတိုင်းရင်းသား ပြည်သူလူထုအားလုံး၏ စည်းလုံးညီညွတ်မှုအားဖြင့် ပြည်ထောင်စုကြီးအကျိုးကို ညီညီညွတ်ညွတ် ဆောင်ရွက်ကြပါလျှင် အဖျက်အန္တရာယ် မှန်သမျှကို ဖယ်ရှားနိုင်ပြီး တိုင်းပြည်တိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## သဃ်္ဃန်းကျွန်းခရိုင်အတွင်းရှိ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်လေးများ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်း ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် “ယာခင်းရှင် ” ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အဆိုပါကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ ဒေါ်ခိုင်မင်းမြင့်မြတ်နှင့် ကိုယ်ပိုင်အထက်တန်းကျောင်းမှ အားကစားမှူး ဆရာ ဦးအောင်ကိုမင်းတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ကာ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး စသည့်ခေါင်းစဉ်များဖြင့် ပါဝင်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ခရိုင်(ပြန်/ဆက်)

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | – ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ Jeng Phang နော်တောင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ Jeng Phangနော်တောင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်များ ခင်းကျင်းပြသရောင်းချပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းရောင်းချပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

## ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယိမ်းအဖွဲ့များ၏ **“ပြည်ထောင်စုရဲ့ ထာဝရအလှ”** တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အရောင်းပြခန်းများကို ကြည့်ရှုအားပေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန် အရောင်းပြခန်းများနှင့် ရိုးရာအစားအစာ အရောင်းပြခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြခန်းများနှင့် ရိုးရာအစားအစာ ပြခန်းများကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်လုပ်သည့် MSME တန်ဖိုးမြင့်ထုတ်ကုန်များ၊ ပြည်ပပို့ကုန်များ အပါအဝင် OROP ထုတ်ကုန်များနှင့် ဒေသထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေးနှင့် ဈေးကွက်ရရှိရေး အတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊ အရည်အသွေးမြင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်ပပို့ကုန် ရရှိရေးအတွက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလုပ်ငန်းရှင်များတွေ့ဆုံ၍ သတင်းအချက်အလက်များ ဖလှယ်ရယူနိုင်ရေးနှင့် ညှိနှိုင်းပေါင်းစပ်နိုင်ရေး ဆောင်ရွက်ရန်၊ အမျိုးဂုဏ် ဇာတိဂုဏ် တိုးတက်မြင့်မားစေရေးကို အထောက်အကူဖြစ်စေပြီး သက်ဆိုင်ရာ ဒေသအလိုက် ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ပြသနိုင်သည့် ဒေသထွက် ရိုးရာလက်မှုပညာပစ္စည်းများကိုလည်း ခင်းကျင်းပြသနိုင်ရေးဆောင်ရွက်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော ဒေသထွက် ရိုးရာ အစားအစာများကို ပြည်ထောင်စု၏ အနှစ်သာရ ပြည့်စုံစွာဖြင့် တိုင်းရင်းသား ပြည်သူလူထုသို့ ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

MSME ထုတ်ကုန် အရောင်းပြခန်းများအနေဖြင့် သမဝါယမနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ထုတ်ကုန်အရောင်းပြခန်း၊ စက်မှုဝန်ကြီးဌာန ထုတ်ကုန်အရောင်းပြခန်း၊ နေပြည်တော်ကောင်စီနယ်မြေ ထုတ်ကုန်အရောင်းပြခန်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ထုတ်ကုန် အရောင်းပြခန်း ၁၄ ခန်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC) ထုတ်ကုန်အရောင်းပြခန်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ထုတ်ကုန်အရောင်းပြခန်းများ အပြင် တိုင်းရင်းသားရိုးရာ အစားအသောက်အရောင်းဆိုင်ခန်းများ အနေဖြင့် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာအစားအသောက်ပြခန်း ၁၉ ခန်းတို့ကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ရောင်းချဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း “ပြည်ထောင်စုရဲ့ ထာဝရအလှ” တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့တွင် ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား၌ ပါဝင်ဆင်နွှဲကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး စကားပြောကြားစဉ်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား၌ ပါဝင်ဆင်နွှဲကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များအား ၎င်းတို့ တည်းခိုနေထိုင်ကြသည့် နေပြည်တော်အားကစားရွာသို့ သွားရောက်၍ ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် နေပြည်တော် မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပမည့် ၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနား ခင်းကျင်း ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနား ခင်းကျင်းပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီးတွင် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ သီဆိုကပြဖျော်ဖြေ တင်ဆက်ကြမည့် တိုင်းရင်းသား တိုင်းရင်းသူများ၏ ဝတ်စုံပြည့်အစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး အဆိုပါ ကပြဖျော်ဖြေကြသည့် အဖွဲ့များအား ဂုဏ်ပြုပန်းခြင်းများပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထိုသို့ လေ့ကျင့်ပြင်ဆင်ဆောင်ရွက်နေမှုများကို (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရန်ကုန်မြို့ရှိ မှတ်တမ်းဌာနနှင့် ဝန်ကြီးဌာနဂိုဒေါင်များ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသား ဦးစီးဌာန မှတ်တမ်းဌာန(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုရာ လုပ်ငန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုဦးက ဒစ်ဂျစ်တယ်စနစ်ဖြင့် မှတ်တမ်းထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ရန်လိုအပ်ချက်များကို မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ခေတ်အဆက်ဆက်ထိန်းသိမ်းထားရှိသည့် အမျိုးသားမှတ်ပုံတင်ဆိုင်ရာ မှတ်တမ်းမှတ်ရာများ၊ အထောက်အထား အချက်အလက်များကို ခန်းမဆောင်အတွင်း၌ ဝန်ထမ်းများက နည်းပညာအသုံးပြု၍ ဒစ်ဂျစ်တယ်စနစ်ဖြင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါဌာနရှိ မှတ်တမ်းခန်းများအတွင်း မှတ်တမ်းများ ထိန်းသိမ်းထားရှိမှုအခြေအနေ၊ အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ မှတ်တမ်းများ ထိန်းသိမ်းထားရှိနိုင်ရေးအတွက် အခန်းများပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ခြနှင့် ပိုးမွှားများအန္တရာယ် မကျရောက်စေရေး အလေးဂရုပြုဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သာကေတမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သာကေတခရိုင်ဦးစီးမှူးရုံး အခြေအနေနှင့် သာကေတမြို့နယ် ဦးစီးမှူးရုံး ရုံးခန်းများနှင့် မှတ်တမ်းခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စာရွက်စာတမ်းများလုံခြုံရေးနှင့် ရုံးနှင့်ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနဂိုဒေါင်များသို့ သွားရောက်၍ ဂိုဒေါင်များအလိုက် မှတ်တမ်းများထိန်းသိမ်းထားရှိမှု၊ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအတွက် စိစစ်ရေးကတ်ပြားများနှင့် လုပ်ငန်းသုံးပုံစံများ ထိန်းသိမ်းထားရှိမှု အခြေအနေများကိုလည်းကောင်း၊ စာရင်းဇယား မှတ်တမ်းပုံစံဟောင်းများ၊ ရုံးအသုံးအဆောင် ပစ္စည်းအဟောင်းများ ထိန်းသိမ်းထားရှိမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဂိုဒေါင်များအလိုက် ထည့်သွင်းထားသည့် ပစ္စည်းစာရင်းဇယားများ စနစ်တကျမှတ်တမ်းတင်ထိန်းသိမ်း၍ စနစ်တကျ ထုတ်ပေးဆောင်ရွက်ရေး၊ ပိုးမွှားများအန္တရာယ်ကာကွယ်ရေးအတွက် အမြဲမပြတ်ကြည့်ရှုစစ်ဆေးဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်၍ ပစ္စည်းအမျိုးအစားအလိုက် ဦးစားပေးသတ်မှတ်ထားရှိရေး၊ ထိန်းသိမ်းထားရှိသည့်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ဂိုဒေါင်များအတွင်းနှင့်ပတ်ဝန်းကျင် ရေဝင်ရောက်မှုမရှိစေရန် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေးတို့အတွက် တာဝန်ရှိသူများက လိုအပ်သလို စစ်ဆေးကြပ်မတ်ဆောင်ရွက်ကြရေး မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော်ကောင်စီဝင် အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၂၀ / ၂၀၂၄**
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

**နေပြည်တော်ကောင်စီဝင် အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ နေပြည်တော်ကောင်စီဝင်အဖြစ်ခန့်အပ်တာဝန်ပေးထားသည့် ကြည်း ၂၃၇၆၇ ဗိုလ်မှူးကြီး မျိုးဝင်း **အစား** ကြည်း ၃၀၄၁၃ ဗိုလ်မှူးကြီး ရဲမိုး အား အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## နေပြည်တော်ကောင်စီဝင်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၂၁ / ၂၀၂၄**
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

**နေပြည်တော်ကောင်စီဝင်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ပါ နေပြည်တော်ကောင်စီဝင်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ **လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ**အား ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

( ၁ ) **နေပြည်တော်ကောင်စီဝင်**
ရဲမှူးကြီး ကိုကိုလွင် **အစား** ဦးမင်းဦး
( ၂ ) **ကချင်ပြည်နယ်အစိုးရအဖွဲ့**
ရဲမှူးကြီး ကျော်ထွန်း **အစား** ဦးခင်မောင်ထွေး
( ၃ ) **ကယားပြည်နယ်အစိုးရအဖွဲ့**
ရဲမှူးကြီး မောင်မောင်ဦး **အစား** ဦးအောင်မျိုးသန်း
( ၄ ) **ကရင်ပြည်နယ်အစိုးရအဖွဲ့**
ရဲမှူးကြီး ဝင်းကျော်နိုင် **အစား** ဦးညီညီဇော်
( ၅ ) **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**
ရဲမှူးကြီး အောင်မြင့်နိုင် **အစား** ဦးခင်မောင်အေး
( ၆ ) **တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**
ရဲမှူးကြီး မြင့်ထွန်း **အစား** ဦးအောင်ဇော်လှိုင်
( ၇ ) **ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**
ရဲမှူးကြီး ကျော်ထွဋ် **အစား** ဦးတင်ဆွေ
( ၈ ) **မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
ရဲမှူးကြီး လင်းထွဋ် **အစား** ဦးအောင်သူဦး
( ၉ ) **မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
ရဲမှူးချုပ် စိန်လွင် **အစား** ဦးအောင်ဇော်ဦး
(၁၀) **မွန်ပြည်နယ်အစိုးရအဖွဲ့**
ရဲမှူးကြီး မျိုးဆွေ **အစား** ဦးတင်စန်းနိုင်
(၁၁) **ရခိုင်ပြည်နယ်အစိုးရအဖွဲ့**
ရဲမှူးကြီး သက်လွင် **အစား** ဦးအောင်ကျော်မိုး
(၁၂) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
ရဲမှူးချုပ် မျိုးမင်းထိုက် **အစား** ဦးကျော်ကျော်စိုး
(၁၃) **ရှမ်းပြည်နယ်အစိုးရအဖွဲ့**
ရဲမှူးချုပ် တင်ကိုကို **အစား** ဦးနေဝင်းအောင်
(၁၄) **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**
ရဲမှူးကြီး တင်ဇော်ထွန်း **အစား** ဦးနေမျိုးအောင်

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၂၃ / ၂၀၂၄**
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

**ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ဖြူမာဝေ အား ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## နေပြည်တော်ကောင်စီဝင်နှင့် လူမှုရေးရာဝန်ကြီးများ အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၂၂ / ၂၀၂၄**
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

**နေပြည်တော်ကောင်စီဝင်နှင့် လူမှုရေးရာဝန်ကြီးများ အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ပါ နေပြည်တော်ကောင်စီဝင်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ **လူမှုရေးရာဝန်ကြီးများ**အား ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

( ၁ ) **နေပြည်တော်ကောင်စီဝင်**
ဦးအောင်ခိုင်ဆွေ **အစား** ဦးဟန်သူ
( ၂ ) **ကချင်ပြည်နယ်အစိုးရအဖွဲ့**
ဦးသန့်ဇင်ကိုကို **အစား** ဦးမိုးမင်းသိန်း
( ၃ ) **ကရင်ပြည်နယ်အစိုးရအဖွဲ့**
ဦးကျော်မြင့် **အစား** ဦးစောထွန်းအောင်
( ၄ ) **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**
ဦးဆန်းအောင် **အစား** ဦးညွန့်ဝင်းအောင်
( ၅ ) **တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**
ဦးသန့်ဇင် **အစား** ဦးသက်နိုင်
( ၆ ) **ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**
ဦးအောင်ဝင်းဦး **အစား** ဦးမျိုးအောင်
( ၇ ) **မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
ဦးစိုးလွင် **အစား** ဦးအောင်ကျော်မိုး
( ၈ ) **မွန်ပြည်နယ်အစိုးရအဖွဲ့**
ဦးမြတ်သွင် **အစား** ဦးစောကြည်နိုင်
( ၉ ) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
ဦးမောင်မောင်သန်း **အစား** ဦးဌေးအောင်
(၁၀) **ရှမ်းပြည်နယ်အစိုးရအဖွဲ့**
ဦးအေးလှိုင် **အစား** ဦးမင်းမင်းလွင်
(၁၁) **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**
ဦးအောင်ဝင်းသိန်း **အစား** ဦးခင်မောင်ကြည်

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

**တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား**
**ပြည်ထောင်စုသား သွေးချင်းများ**
**တွဲထားလက်များ ခိုင်စေသား**

## ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့ရက်သတ်မှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် စတင်အာဏာတည်ကြောင်း သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ယနေ့ရက်စွဲဖြင့်ထုတ်ပြန်ကြောင်း သိရသည်။ စတင်အာဏာသက်ဝင်လာပြီဖြစ်သော ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းထားခဲ့ခြင်းဖြစ်ပြီး ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ ယခုကဲ့သို့စတင်အာဏာတည်ကြောင်း သတ်မှတ်ခြင်းဖြစ်သည်။ လိုအပ်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ကာကွယ်ရေးဝန်ကြီးဌာနက ဆက်လက်ထုတ်ပြန်ပေးသွားမည်ဟု သိရသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၅ တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်"ဟု လည်းကောင်း၊ ပုဒ်မ ၃၈၆ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားပြီး ပြည်သူ့စစ်မှုထမ်းဥပဒေ၏ နိဒါန်းပိုင်းတွင် "နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ဥပဒေပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း"သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုက်ထိုမြို့နယ် လူထုအခြေပြုဗဟိုဌာနခွဲ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အသိပညာပေးဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်

**ကျိုက်ထို ဖေဖော်ဝါရီ ၁၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အသိပညာပေးဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၈ ရက်က ကျင်းပသည်။

**ဆွေးနွေးဟောပြော**

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံ၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ပြည်ထောင်စုကြီးရေရှည်တည်တံ့စေရန် ထိန်းသိမ်းသင့်ပုံအကြောင်းတို့ကို ဆွေးနွေးဟောပြောပြီး စွမ်းရည်ပြိုင်ပွဲများကို ပြုလုပ်ပေးကာ ထူးချွန်သူများအား လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်ထောင်စုနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ကလေးသူငယ်စစ်မှုထမ်းခြင်းမှ ကာကွယ်ရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များကို ပြသရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရေယာဉ်ရှစ်စင်း လုပ်ငန်းခွင်စတင်ဝင်ရောက်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ၆၀ မီတာ ဘက်စုံသုံး ဖော်ယာ မ၊ ချ ရေယာဉ် (60M Multipurpose Buoy Handling Vessel) ("ဂန္ဓ"ရေယာဉ်) တစ်စင်း မြေတူးမြေခံ ရေယာဉ်နှစ်စုံနှင့် ဆိပ်ကမ်းလုပ်ငန်းသုံး ရေယာဉ် (Habour Launch) သုံးစင်း စုစုပေါင်း ရေယာဉ်ရှစ်စင်း လုပ်ငန်းခွင် စတင်ဝင်ရောက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပန်းဆိုးတန်း ကျန်းမာရေး ဆိပ်ခံတံတား၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဌာန၊ အဖွဲ့အစည်းများမှ ဌာနအကြီးအမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက မြန်မာနိုင်ငံသည် စုစုပေါင်းရေမိုင် ၁၂၆၀ ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားပြီး ပထဝီအနေအထားအရ လူဦးရေထူထပ်သည့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်းမြေချင်းထိစပ်နေသကဲ့သို့ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း ပို့ဆောင်ရေးကွန်ရက်နှင့် ကောင်းစွာ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်သော ပင်လယ်ထွက်ပေါက် ပိုင်ဆိုင်ထားသည့် ကမ်းရိုးတန်းနိုင်ငံ(Rimland Country)၊တစ်နည်းအားဖြင့် ပင်လယ်ရေကြောင်း ပိုင်နက်နိုင်ငံ (Maritime State) တစ်နိုင်ငံလည်း ဖြစ်ကြောင်း၊ ပင်လယ်ရေကြောင်း ပို့ဆောင်ရေးကဏ္ဍသည် နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခန်းကဏ္ဍနှင့် တိုက်ရိုက်ချိတ်ဆက်မှုရှိနေပြီး နိုင်ငံ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးပါကြောင်းကိုတွေ့ရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှု နည်းလမ်းများအနက် ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုသည် ကမ္ဘာ့ကုန်သွယ်မှုတန်ဖိုး၏ ၇၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ကုန်သွယ်မှုပမာဏ၏ ၈၀ ရာခိုင်နှုန်းရှိကြောင်းကို United Nation Conference on Trade and Development (UNCTAD) က နှစ်စဉ်ထုတ်ပြန်သည့် Review of Maritime Transport အရသိရှိရကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စာရင်းများအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံရှိသည့်အနက် Normal Trade ၏ အဓိကဖြစ်သော ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံကျော်၊ ရာခိုင်နှုန်းအားဖြင့် ၇၅ ရာခိုင်နှုန်းရှိကြောင်း၊ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုကို မြှင့်တင်နိုင်ပြီး နိုင်ငံ့လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်တည်တံ့အောင် အထောက်အကူပြုနိုင်ရန် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ (Port Industry)ကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နှစ်စဉ်တိုးတက်လာနေသည့် နိုင်ငံ၏ကုန်သွယ်မှုပမာဏကို နိုင်နင်းစွာ ကိုင်တွယ်ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ဆိပ်ကမ်းတံတားများကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ရေလမ်းကြောင်းများကို ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ခြင်း၊ ကုန်ကိုင်တွယ်စက်ကိရိယာများနှင့် လုပ်ငန်းသုံးရေယာဉ်များ၊ စက်ကိရိယာများ ဖြည့်တင်းခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်များကို စုဆောင်းလေ့ကျင့် ပျိုးထောင်ပေးခြင်းနှင့် နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများကိုလည်း ကုန်သွယ်မှုပမာဏ တိုးတက်မှုနှင့် လိုက်လျောညီထွေ ထိရောက်အကျိုးရှိစွာ အသုံးချခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆိပ်ကမ်းလုပ်ငန်းများနှင့် ရေကြောင်းပြလုပ်ငန်းများတွင် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးနိုင်စေရေးအတွက် ခေတ်မီရေယာဉ်အသစ်ရှစ်စင်းကို စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆၇ သန်း အကုန်အကျခံကာ တည်ဆောက်၍ ရေယာဉ်အင်အား ဖြည့်တင်း ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍတွင် Stakeholder များဖြစ်ကြသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပုဂ္ဂလိကဆိပ်ကမ်းတံတားများက မိမိတို့၏ဝန်ဆောင်မှုစနစ်နှင့် စွမ်းဆောင်ရည်ကို နိုင်ငံတကာ ကုန်သွယ်မှုအတွက် လိုအပ်ချက် စံချိန်စံညွှန်းများနှင့် လိုက်လျောညီထွေ အဆင်သင့်ဖြစ်စေရန် အဆင့်မြှင့်တင်ခြင်း၊ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် နည်းပညာနှင့် စက်ကိရိယာများကို တပ်ဆင်အသုံးချခြင်း၊ ဒေသတွင်း ခေတ်မီဆိပ်ကမ်းများနည်းတူ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း (Digital Transformation) နည်းလမ်းဖြင့် Electronic Port(e-Port) အဆင့်မှသည် Smart Port အဆင့်သို့ တက်လှမ်းနိုင်စေရေး အတွက် နိုင်ငံတော်နှင့် ဝန်ကြီးဌာန၏ ဦးဆောင် ပံ့ပိုးမှုများနှင့်အတူ အားလုံးဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ရေယာဉ်ရှစ်စင်း၏ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ရေယာဉ်ရှစ်စင်း တည်ဆောက်ခြင်းဆိုင်ရာ ဗီဒီယိုမှတ်တမ်းကို ပြသ၍ ပြည်ထောင်စုဝန်ကြီးထံ အခမ်းအနားအမှတ်တရ လက်ဆောင်အဖြစ် "ဂန္ဓ"ရေယာဉ်၏ ပုံစံငယ်ကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လုပ်ငန်းခွင် စတင်ဝင်ရောက်မည့် ရေယာဉ်ရှစ်စင်းတို့ကို "ဂန္ဓ"ရေယာဉ် Main Deck ပေါ်မှ တစ်ပြိုင်နက် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ရေယာဉ်များပေါ်သို့ လှည့်လည်ကြည့်ရှုကာ ဆိပ်ခံတံတားပေါ်ရှိ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်မှုအင်ဂျင်နီယာဌာန သိမ်ဖြူသင်္ဘောကျင်းစုပေါင်းခန်းမသို့ နံနက် ၁၁ နာရီတွင် ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးက သိမ်ဖြူသင်္ဘောကျင်း၏ သမိုင်းအကျဉ်း၊ သင်္ဘောလွှန်းကျင်းများ၏ လက်ရှိအခြေအနေ၊ ရေကြောင်း ဖော်ယာများနှင့် ကုန်ကိုင်တွယ် စက်ကိရိယာများ ပြုပြင်ခြင်း၊ ဌာနပိုင်ရေယာဉ်များကို ပုဂ္ဂလိကနှင့် ပူးပေါင်း၍ တည်ဆောက် ပြုပြင်ထိန်းသိမ်းနေနိုင်မှုနှင့် ဌာနနှင့်နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရာဖွေပေးနိုင်ရေးအတွက် လွှန်းကျင်းများနှင့်အလုပ်ရုံများကို ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဦးစွာတင်ပြပြီး အင်ဂျင်နီယာချုပ် (စက်မှု)က စက်မှုအင်ဂျင်နီယာဌာန လက်အောက်ရှိ သိမ်ဖြူသင်္ဘောကျင်း၊ အံ့ကြီးသင်္ဘောကျင်းနှင့် စက်ဆန်းသင်္ဘောကျင်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ဝင်ငွေတိုးတက်ရရှိရေး ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအားလုံးသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသဖြင့် နိုင်ငံတော်အပေါ်သစ္စာရှိရန်နှင့် ဝန်ထမ်းကျင့်ဝတ်ကို အလေးထား လိုက်နာကြရန်၊ ဌာန၏ရည်မှန်းချက် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရာတွင် အပြည့်အဝအောင်မြင်မှုရရှိရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍနှင့် အလေးထားပူးပေါင်းဆောင်ရွက်သွားရန်၊ သမားရိုးကျစီမံခန့်ခွဲမှုစနစ်မှ အီလက်ထရောနစ် စီမံခန့်ခွဲမှု e-Governance စနစ်ဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်ကြရန်၊ ဝန်ထမ်းများအားလုံး လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားနေစေရေးအတွက် စဉ်ဆက်မပြတ်လေ့ကျင့်နေရန်၊ လုပ်ငန်းသုံးစက်ကိရိယာများ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက်လည်း စနစ်တကျကိုင်တွယ် ထိန်းသိမ်းအသုံးချရန်တို့အား မှာကြားပြီး သိမ်ဖြူသင်္ဘောကျင်း အတွင်းရှိ လွှန်းကျင်းများနှင့် အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြစ်တစ်ဖက်ကမ်းရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဒလသင်္ဘောကျင်းသို့ ရောက်ရှိရာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးက ဒလသင်္ဘောကျင်း၏ သမိုင်းကြောင်းနှင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားပြီး ဒလသင်္ဘောကျင်းအတွင်းရှိလွှန်းကျင်းနှင့်လွှန်းလမ်းများအခြေအနေ၊ သင်္ဘောတည်ဆောက်/ပြင်ဆင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


## ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မေဂျာပေါင်းစုံထမနဲထိုးပြိုင်ပွဲ ကျင်းပ

**ဟသ်ာတ ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်ရှိကွန်ပျူတာတက္ကသိုလ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မေဂျာပေါင်းစုံ ထမနဲထိုးပြိုင်ပွဲနှင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ဆုချီးမြှင့်ခြင်းကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက အဆိုပါကျောင်းဝင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြတ်အောင်က ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် ယနေ့ကျင်းပသော ပြိုင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနားများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ စာသင်နှစ်များအလိုက် ကျောင်းသား ကျောင်းသူများက အဖွဲ့ခြောက်ဖွဲ့ခွဲကာ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စတင်ကျင်းပသည်။

အဆိုပါပြိုင်ပွဲများအပြီးတွင် ဈေးရောင်းပွဲတော်နှင့် ထူးချွန်ဆုများပေးအပ်ပွဲကို ကျင်းပပြီး ဆုရရှိသူများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ကိုဇော်(ဟသ်ာတ)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေ စစ်တွေမြို့ပေါ်ရှိ ဆရာတော်ကြီးများအား သွားရောက်ဖူးမြော်ပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း ကိုယ်စားလှယ်များနှင့်တွေ့ဆုံ



**စစ်တွေ ဖေဖော်ဝါရီ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေသည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ပေါ်ရှိ ဆရာတော်ကြီးများအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေနှင့်အဖွဲ့သည် နန္ဒာရာမပရိယတ္တိစာသင်တိုက်သို့သွားရောက်ပြီးစာသင်တိုက်၏ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသိရီ မဟာထေရ်မြတ်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များတွင် အမြင့်ဆုံးဖြစ်သည့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်းခံရသည့်အတွက် ဂုဏ်ပြုဝမ်းမြောက်စကားနှင့် လက်ရှိရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ၏အခြေအနေ၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မှုအခြေအနေများကို လျှောက်ထားကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေနှင့်အဖွဲ့သည် စစ်တွေမြို့ ပညာလင်္ကာရကျောင်းတိုက်၊ ရွှေစေတီကျောင်းတိုက်များသို့သွားရောက်ပြီး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရခိုင်ပြည်နယ်အတွင်းဖြစ်ပေါ်နေသည့် အခြေအနေများကို လျှောက်ထားကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ရိပ်သာ၌ ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများမှကိုယ်စားလှယ်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေက ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းရန်လိုအပ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် အမြဲတံခါးဖွင့်ထားလျက်ရှိကြောင်း၊ နိုင်ငံရေးနည်းကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန် ကြေညာထားပြီးဖြစ်ကြောင်း၊ လက်နက်ကိုင် ပဋိပက္ခများကြောင့် ပြည်သူများ ဒုက္ခရောက်လျက်ရှိနေကြကြောင်း၊ မိမိတို့အနေဖြင့် ပဋိပက္ခများချုပ်ငြိမ်းနိုင်ရန်အတွက် တွေ့ဆုံသင့်၊ တွေ့ဆုံထိုက်သူများကို တွေ့ဆုံလျက်ရှိကြောင်း၊ ယခုတက်ရောက်လာကြသော တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများမှ ကိုယ်စားလှယ်များကလည်း မိမိတို့အတွေ့အကြုံကို ရှင်းလင်းတင်ပြပေးကြစေလိုကြောင်း၊ ပြည်သူများ၏ သဘောထားများကို သိရှိမှ နိုင်ငံတော်အကြီးအကဲက အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားညီအစ်ကိုများ၏ တင်ပြချက်များကို နိုင်ငံတော်အကြီးအကဲထံ တင်ပြသွားမည်ဖြစ်သည့်အတွက် ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြစေလိုကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခများအခြေအနေအပေါ်တွင် မိမိ၏အမြင်ကို ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများမှ ကိုယ်စားလှယ်များက လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားနေသော မြို့နယ်များတွင် ဖြစ်ပေါ်နေသော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့်ကဏ္ဍများတွင် ဖြစ်ပေါ်နေသော အခက်အခဲများနှင့် ကုန်စျေးနှုန်းကြီးမြင့်မှုကြောင့် ဒေသခံပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲများကိုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တိုင်းရင်းသားမျိုးနွယ်စုများ မိမိတို့နေထိုင်ရာ နေရာ၊ ကျေးရွာများတွင် အေးချမ်းစွာနေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးအတွက် မိမိတို့အဖွဲ့အနေဖြင့် အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ စက်သုံးဆီနှင့် စားရေရိက္ခာများကို ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ပို့ဆောင်ပေးလျက်ရှိမှု၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ပုံမှန်ကျောင်းတက်ရောက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးနေမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေမှု၊ တိုင်းရင်းသားများ၏ လှူပ်ရှားဆောင်ရွက်မှု၊ ရိုးရာဓလေ့၊ အထိမ်းအမှတ်ပွဲများအတွက် ကူညီဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံက တိုင်းရင်းသားများ၏အခွင့်အရေးများ ခံစားခွင့်ရရှိနိုင်ရေးနှင့် ငြိမ်းချမ်းရေးပြန်လည်ရရှိနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က တိုင်းရင်းသားများ၏အခွင့်အရေးများကို ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးများကို တာဝန်ပေးအပ်ဆောင်ရွက်နေမှု၊ တိုင်းရင်းသား မျိုးနွယ်စုများအတွက် ကူညီဆောင်ရွက်ပေးနေမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေက တင်ပြချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြကာ ပဋိပက္ခများချုပ်ငြိမ်းနိုင်ရန်အတွက် အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန်သာယာလှပရေးလုပ်ငန်း ဆောင်ရွက်နေမှုများ သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ မင်္ဂလာကန်တွင် သာယာလှပရေး လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ မင်္ဂလာကန်အမှတ်(၂)ပတ်လမ်းတွင် အများပြည်သူ စိတ်ချမ်းမြေ့အဆင်ပြေစွာ အပန်းဖြေနိုင်စေရန်အတွက် အင်ဂျင်နီယာဌာန (လမ်းတံတား)မှ Pattern Design ဖြင့် Concrete Block ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအမံများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မင်္ဂလာကန်အမှတ်(၃)အတွင်း သဲနုန်းများပို့ချမှုကြောင့် တိမ်ကောလာသည့်အတွက် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ Amphibious၊ Excavator နှင့် နုန်းစုပ်စက်များ အသုံးပြု၍ နုန်းတူးဖော်ဆယ်ယူစွန့်ပစ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က ကန်ပတ်လည် သာယာလှပရေးနှင့် ရေပြင်ကြည်လင်သန့်ရှင်းရေးကို အမြဲမပြတ် ဆောင်ရွက်ရန်၊ သတ်မှတ်ရေအနက်ရရှိစေရေး စနစ်တကျဆောင်ရွက်ရန်၊ ကန်အတွင်း မှ ဆယ်ယူစွန့်ပစ်သည့် နုန်းမြေများကို မြို့သာယာလှပရေးအတွက် စိုက်ပျိုးထားရှိသည့် သစ်ပင်ပန်းမန်များတွင် မြေဩဇာအဖြစ် အသုံးပြုရန်နှင့် လုပ်ငန်းများ အချိန်မီပြီးစီးစေရေး စနစ်တကျ ဆောင်ရွက်ကြရန် တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ဦးဆောင်၍ ဖေဖော်ဝါရီ ၉ ရက်က ထားဝယ်မြို့နယ်အတွင်းရှိဘာသာရေးအဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းနှင့်သာသနိကအဆောက်အအုံများ မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက်အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်စဉ်။ ငွေဇင်ယော်(ထားဝယ်)



သန်လျင်မြို့နယ်မီးသတ်ဦးစီးဌာနက ကရင်ဆိပ်ကျေးရွာပြည်သူများအားမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်က သန်လျင်မြို့နယ် မီးသတ်တပ်ဖွဲ့မှူးစခန်းမှူး ဦးရဲလင်းထွန်းကအသိပညာပေးရှင်းလင်းဟောပြောပြီး လက်တွေ့မီးငြိမ်းသတ်နိုင်ရေးအတွက်မီးသတ်ဆေးဘူးများအသုံးပြုပုံတို့ကို သရုပ်ပြသစဉ်။ တင်ဝင်းတင်



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ရန်ကုန်မြို့ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဆူးလေအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတံတားတွင် ပြည်ပတင်ပို့ရန် ဆန်တင်လုပ်ငန်းဆောင်ရွက်နေမှုနှင့် သိုလှောင်ရုံများ ပြုပြင်မွမ်းမံခြင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ခံဌာနများမှ ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆူးလေအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းဝင်းအတွင်းရှိ ဆူးလေဆိပ်ကမ်းတံတားအမှတ်(၇)တွင် အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၈၀၀၀ ကျော် တင်ပို့မည့် MV. VTC PHOE NIX သင်္ဘောပေါ်သို့ ဆန်တင်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားပြီး ဆူးလေဆိပ်ကမ်းတံတား အမှတ်(၂)နှင့် အမှတ်(၅)တို့တွင် စပိန်နိုင်ငံနှင့် ပိုလန်နိုင်ငံတို့သို့ တင်ပို့ရန် ဆန်နှင့်ဆန်ထွက်ပစ္စည်းများ သင်္ဘောများပေါ်သို့ တင်ဆောင်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ကြီးကြပ်စီမံခန့်ခွဲလျက်ရှိသည့် ရန်ကုန်ဆိပ်ကမ်းအနေဖြင့် အထွေထွေကုန်စည်သင်္ဘောများကို အသုံးပြု၍ ဝမ်းပုံစနစ်ဖြင့် ပြည်ပသို့ ဆန်တင်ပို့လျက်ရှိသည့်အပြင် ကုန်သေတ္တာသင်္ဘောများကိုပါ အသုံးပြု၍ ဥရောပ၊ အာဖရိကနှင့် အာရှနိုင်ငံများသို့ ဆန် နှင့်ဆန်ထွက်ပစ္စည်းများ၊ ပဲအမျိုးမျိုးနှင့်ပြောင်းစသည့်လယ်ယာထွက်ကုန်များကို တင်ပို့၍ ဌာနနှင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေကို တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်(ဧပြီလမှ ဇန်နဝါရီလအထိ) စုစုပေါင်း ဆန်တန်ချိန် ၁၀၈၀၃၈၈ တန်၊ ပဲတန်ချိန် ၁၁၃၅၈၀၆ တန်နှင့် ပြောင်းတန်ချိန် ၅၂၅၅၆၆ တန်တို့ တင်ပို့ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆူးလေအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းဝင်းအတွင်းရှိ သိုလှောင်ရုံများ ပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးရာတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အင်ဂျင်နီယာချုပ်(မြို့ပြ)က ဆူးလေဆိပ်ကမ်းဝင်းအတွင်း၌ သိုလှောင်ရုံ ခုနစ်လုံးရှိပြီး သိုလှောင်ရုံအမှတ်(၁၊ ၂၊ ၃၊ ၄)ကို ၁၉၁၂ ခုနှစ်နှင့် သိုလှောင်ရုံအမှတ်(၅၊ ၆၊ ၇)ကို ၁၉၆၃ ခုနှစ်တွင် တည်ဆောက်ခဲ့ကြောင်း၊ သိုလှောင်ရုံအမှတ်(၁၊ ၂၊ ၃၊ ၄)၏ အမိုးနှင့် ရေတံလျှောက်များကို ပြုပြင်မွမ်းမံ၍ ပြည်ပသို့တင်ပို့မည့် ဆန်နှင့် ကောက်ပဲသီးနှံများ သိုလှောင်ခြင်း၊ ပြည်ပမှတင်သွင်းလာမည့် ဓာတ်မြေဩဇာများ သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လက်ရှိ သိုလှောင်ရုံ လေးလုံး ပြုပြင်မွမ်းမံခြင်း ဆောင်ရွက်နေမှု အခြေအနေများနှင့် ပြုပြင်မွမ်းမံနေသော သိုလှောင်ရုံ လေးလုံးအနက် သိုလှောင်ရုံ နှစ်လုံးမှာ ၂၀၂၄ ခုနှစ် မတ်လတွင် ပြီးစီးမည်ဖြစ်ပြီး ကျန်သိုလှောင်ရုံ နှစ်လုံးမှာ ၂၀၂၄ ခုနှစ် မေလကုန်ခန့်တွင် ပြီးစီးမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆူးလေသိုလှောင်ရုံများသည် နိုင်ငံတော်၏ ဆန်နှင့် လယ်ယာထွက်ကုန်များ သိုလှောင်ဖြန့်ဖြူးခြင်းအတွက် အလွန်အရေးပါသော သိုလှောင်ရုံများဖြစ်ခြင်းကြောင့် ပြုပြင်မွမ်းမံရာတွင် ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျ ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် လုပ်ငန်းများ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၁၀ ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၈)တွင် ပါရှိသော ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရန်ကုန်တိုင်းဒေသကြီး MSME ဖိနပ်လုပ်ငန်းရှင်များ မျိုးတူစုအဖွဲ့ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ သတင်း ဒုတိယစာပိုဒ် စာကြောင်းရေ (၈)၌ ဖော်ပြပါရှိသော "မြောက်ဒဂုံစက်မှုဇုန်တွင် ဖိနပ်လုပ်ငန်းရှင် ၃၂ ဦး " အစား "မြောက်ဒဂုံစက်မှုဇုန်တွင် ဖိနပ်လုပ်ငန်းရှင် ၁၃၂ ဦး"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**

## မအူပင်တက္ကသိုလ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဆုပေးပွဲနှင့် တိုင်းရင်းသားရိုးရာပဒေသာကပွဲ ကျင်းပ

**မအူပင် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်တက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမ၌ ဖေဖော်ဝါရီ ၈ ရက်က (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဆုပေးပွဲ၊ တိုင်းရင်းသားရိုးရာ ပဒေသာကပွဲနှင့် ဈေးရောင်းပွဲတော်ကို ကျင်းပသည်။

ဦးစွာ(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို တိုင်းရင်းသားရိုးရာအစားအစာ ဈေးရောင်းပွဲတော်၊ ပဒေသာကပွဲနှင့် ဝတ်စားဆင်ယင်မှုပြပွဲအား ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာနီနီဦးနှင့် ဒုတိယပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာခင်ကေခိုင်တို့က မိုးလုံလေလုံအားကစားခန်းမရှေ့တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာနီနီဦးက အဖွင့်အမှာစကားပြောကြားပြီး စာစီစာကုံးပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့ကြသူများအား ဆုများချီးမြှင့်ခဲ့ကြပြီး တိုင်းရင်းသားရိုးရာကပွဲများကို ဆက်လက်ကျင်းပခဲ့သည်။ ထို့နောက် မိုးလုံလေလုံအားကစားခန်းမ အပြင်ဘက်တွင် တိုင်းရင်းသားရိုးရာအစားအစာ ဈေးရောင်းပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သမိုင်း သက်သေ

* **အားကြီးခဲ့သည်၊ ပွားစီးခဲ့သည်**
**မြန်မာပြည်တည့်**
ပြည်သူချင်းချင်း၊ ချစ်ကြည်ခြင်းဖြင့်
မင်း နှင့် ပြည်သူ၊ ဆန္ဒတူလျက်
ထူထောင်စံပြ
ပထမမြန်မာနိုင်ငံတော်
ဒုတိယမြန်မာနိုင်ငံတော်
တတိယမြန်မာနိုင်ငံတော်။

* **နွံနစ်ခဲ့သည်၊ ကျွန်ဖြစ်ခဲ့သည်**
**မြန်မာပြည်တည့်**
ကိုလိုနီ နယ်ချဲ့
လူမဆန်တဲ့ ဖက်ဆစ်
ကျူးကျော်စစ် ရန်၊ ပြန်အာခံလည်း
တုံ့ပြန်မှုများ၊ ချည့်နဲ့ငြားကြောင့်
အားက မသန်၊ မာန်က လျော့ကျ
ကွာဟ ဘက်စုံ၊ အဖုံဖုံဖြင့်
ဒို့ဂုဏ်နွမ်းညစ်၊ ရေတိမ်နစ်ပြီ
ကျွန်ဖြစ်ခဲ့ရ နှစ်ရာချီ။

* **သွေးခွဲမှုနဲ့၊ သွေးကွဲခဲ့သည်**
**ဒို့နောင်ညီတည့်**
**အဆီကို စား၊ အသားကို မျို**
**သပ်လျှိုအမျိုးမျိုး၊ အမွေဆိုးနှင့်**
ခြေထိုးအကောက်ကြံ၊ ခလောက်ဆန်ကြောင့်
သံသယပွား၊ သားချင်းကြား၌
နားလည်မှုတို့ လွဲခဲ့သည်။

* **စုစည်းခဲ့ပြီ၊ ထုကြီးခဲ့သည်**
**မြန်မာပြည်တည့်**
နောင်ညီ သားချင်း၊ ဒို့သွေးရင်းတို့
ဆောင်ကြဉ်းလှုပ်နှိုး
**သခင်မျိုးဟေ့ ဒို့ဗမာ**
ခိုင်မာ ထက်သန်၊ ဇာတိမာန်ဖြင့်
ပြန်လည်ဆောင်မြန်း လွတ်လပ်ပန်း။

* အို .. သားချင်းငဲ့
လွတ်လပ်ခဲ့တာ၊ ကြာတော့်ကြာလည်း
မြန်မာပြည်ကြီး၊ ရှေ့ခရီးကား
အသီးတစ်ရာ၊ အညှာတစ်ခု
ညီညွတ်မှုကို၊ ရရန်လိုသေး ...
ကိုယ်တွေ့သမိုင်း၊ အမှန်တိုင်းလျှင်
နှိုင်းဆင်ခြင်လျက်
ပြည်ခွင်နောင်ရေး၊ ကြောင့်ကြဝေးအောင်
အေးအတူ ပူအမျှ၊ အတူတကွလျှင်
**ဦးမှ ပဲ့ဆီ၊ လက်တွဲညီလျက်**
ရည်မျှော် သယ်ပိုးကြပါစို့။
ပြည်သူအားလုံး ငြိမ်းချမ်းဖို့။
မြန်မာပြည်ကြီး တိုးတက်ဖို့။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

**[(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့သို့ ဂုဏ်ပြုလျက်]**

# ပဲခူးမြို့၌ သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့် MSMEs ဒေသထုတ်ကုန်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၀**

ပဲခူးမြို့ ရွှေမော်ဓောဘုရား အနောက်ဘက်မုခ် ယာဉ်ရပ်နားဝင်းအတွင်း၌ ယနေ့နံနက်ပိုင်းက (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့် MSMEs ဒေသထုတ်ကုန် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် မြို့မိမြို့ဖ ဦးဝင်းတို့က (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့် MSMEs ဒေသထုတ်ကုန် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ဂုဏ်ပြုဘင်ခရာတီးဝိုင်းနှင့် ဂုဏ်ပြုပန်းဖွားအက အဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများက ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်၊ နတ်တလင်းခရိုင်နှင့် သာယာဝတီခရိုင်တို့မှ ဒေသထွက် သစ်သီးဝလံပန်းမန်ပြိုင်ပွဲဝင် သစ်သီးဝလံပန်းမန်များ ခင်းကျင်းပြသထားရှိမှု၊ ဌာနဆိုင်ရာ အသိပညာပေးပြခန်းနှင့် ဒေသထွက် ကုန်အရောင်းပြခန်း စုစုပေါင်း ၄၅ ခန်းတို့အား ဆိုင်ခန်းတစ်ခုချင်းအလိုက် လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ဒေသထွက်ကုန်များအား နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တိုးတက်ထုတ်လုပ်နိုင်ရေး၊ FDA ထောက်ခံချက်ရရှိနိုင်ရေးနှင့် ပြည်တွင်း/ပြည်ပ ဈေးကွက်ခိုင်မာမှုရှိစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါပြခန်းများတွင် ဒေသထွက် ဝါး၊ သစ်သားလက်မှုပစ္စည်းများ၊ သံရည်ကျိုပုံသွင်းလောင်းထားသည့် သံထည်ပစ္စည်းများ၊ တန်ဖိုးမြှင့် ရေရှည်စားသောက်ကုန်ပစ္စည်းများနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး တောင်သူလယ်သမားများအတွက် တန်ဖိုးသင့် လက်ဆွဲကောက်စိုက်စက်များ၊ ဘက်စုံသုံး စိုက်ပျိုးရေးကိရိယာ စုစုပေါင်း ဒေသထွက်ကုန် အမျိုးပေါင်း ၅၀၀ ကျော် ထည့်သွင်းပြသထားရာ လာရောက်လေ့လာသူများ၊ ဈေးဝယ်သူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲသို့ အများပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ကျင်းပရာ ကျောင်းသားကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက် လာရောက်လေ့လာ ကြည့်ရှုဝယ်ယူကြသဖြင့် အထူးစည်ကားလျက်ရှိသည်။



### ရှင်းလင်းပြသ

အဆိုပါပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာ တိုင်းရင်းသားရိုးရာပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တိုင်းရင်းသားအဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အထင်ကရနေရာများ၊ ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များ အကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ကျောင်းသား၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြပြီး တိုင်းရင်းသားအဖွဲ့များဖြင့် ဂုဏ်ယူစွာ အမှတ်တရ ဓာတ်ပုံရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ MSME ထုတ်ကုန်များနှင့် ရိုးရာအစား အစာ ပြခန်းအသီးသီး၌လည်း ဒေသအလိုက်ထွက်ရှိသည့် ရိုးရာအစားအစာများ၊ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများ၊ One Region One Product ထုတ်ကုန်များအပါအဝင် ပြည်ပသို့တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များ အကြောင်းကို ပွဲတော်လာပြည်သူများ ဗဟုသုတအဖြစ် သိရှိနိုင်ရေးအတွက် အသေးစိတ် ခင်းကျင်းပြသထားသည်ကိုလည်း တွေ့မြင်ရသည်။



အဆိုပါ ပြခန်းများ၌လည်း မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ပေါ်လွင်စေသည့် သီချင်းများနှင့် မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့် သီချင်းများ ဖွင့်လှစ်ဖျော်ဖြေ တင်ဆက်ပေးကြရာ ပွဲတော်လာပြည်သူများ အနေဖြင့် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ စည်းလုံးညီညွတ်သည့် သွေးချင်းညီအစ်ကိုစိတ်ဓာတ်များ ခံစားရရှိစေခဲ့ပြီး ပြည်ထောင်စု၏ အနှစ်သာရကိုလည်း ပိုမိုပေါ်လွင်စေခဲ့သည်။

အလားတူ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ထွက်ရှိသည့် MSME ထုတ်ကုန်များနှင့် ရိုးရာအစားအစာများ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိပြီး ချစ်ခင်နှစ်သက်မြတ်နိုးစွာဖြင့် ဝယ်ယူကြသူများဖြင့်လည်း စည်ကားလျက်ရှိရာ ဒေသအလိုက် ဆောင်ရွက်နေသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးမြှင့်တင်ပေးရာရောက်သည့် မြင်ကွင်း တစ်ခုလည်းဖြစ်သည်။

### ဖျော်ဖြေ

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများပေါင်းစပ်၍ လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများပျော်ရွှင်စွာဖြင့် တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် ရောင်းချပွဲသို့လာရောက်လေ့လာကြည့်ရှု ဝယ်ယူကြသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန်အတွက် တာဝန်ရှိသူများက စနစ်တကျ လုံခြုံရေးစစ်ဆေးဆောင်ရွက်ပေးခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် ပွဲတော်သို့ လာသည့်လမ်းများ၌ ကြီးကြပ်ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့ရှိရသည်။

အဆိုပါပွဲတော်ကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ MSME တန်ဖိုးမြှင့်ထုတ်ကုန်များ၊ ပြည်ပပို့ကုန်များအပါအဝင် One Region One Product ထုတ်ကုန်များနှင့် ဒေသထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေးနှင့် ဈေးကွက်ရရှိရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ အရည်အသွေးမြင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်ပပို့ကုန်ရရှိရေးအတွက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားလုပ်ငန်းရှင်များ တွေ့ဆုံ၍ သတင်း အချက်အလက်များ ဖလှယ်ရယူနိုင်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းနိုင်ရေး ဆောင်ရွက်ရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် တိုးတက်မြင့်မားစေရေးကို အထောက်အကူဖြစ်စေပြီး သက်ဆိုင်ရာ ဒေသအလိုက် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ပြသနိုင်သည့် ဒေသထွက် ရိုးရာလက်မှုပညာပစ္စည်းများကိုလည်း ခင်းကျင်းပြသနိုင်ရေး ဆောင်ရွက်ရန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော ဒေသထွက် ရိုးရာအစားအစာများကို ပြည်ထောင်စု၏ အနှစ်သာရပြည့်စုံစွာဖြင့် တိုင်းရင်းသားပြည်သူလူထုသို့ ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရန် ရည်ရွယ်၍ MSME ထုတ်ကုန်အရောင်းပြခန်း ၃၄ ခန်း၊ ရိုးရာအစားအစာပြခန်း ၁၉ ခန်းတို့ဖြင့် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အတွက် မိဘပြည်သူများ (အခမဲ့) လာရောက်လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်း-အောင်ရဲသွင်၊ အေးအေးသန့်**

**ဓာတ်ပုံ-ကိုကြီးထိန်**

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသူများ၏ ဝမ်းသာပီတိစကားသံများ

**တွေ့ဆုံမေးမြန်း - အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ - ကိုကြီးထိန်**

နေပြည်တော် ဖေဖော်ဝါရီ ၁၀

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထွက်ရှိသည့် ဒေသထွက်ကုန်များ၊ ရိုးရာအစားအသောက်များ၊ ဒေသန္တရထွက်ကုန်များကို အခြေခံ၍ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည့် စက်ယန္တရားနှင့် နည်းပညာများကို အနယ်နယ်အရပ်ရပ်မှ ပြည်သူများ စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှု လေ့လာလျက်ရှိကြသည်။

ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခင်းကျင်းပြသရောင်းချနေကြသည့် တိုင်းရင်းသားများ၊ လာရောက်လေ့လာကြသည့် ပြည်သူများနှင့် တွေ့ဆုံ၍ ပွဲတော်အတွင်း ပါဝင်ဆင်နွှဲရသည့် ရင်တွင်း ပီတိစကားသံများကို တွေ့ဆုံမေးမြန်း ရေးသားလိုက်ရပါသည်။


ဦးစန်းကို


ဦးနိုင်ထွန်းလှိုင်


ဦးမြင့်ဝင်း


ဒေါ်လှဲ့လှဲ့ဝင်း


ဒေါ်ခင်နှင်းမှုန်

**ဦးစန်းကို**
**(တိုင်းရင်းသားရေးရာဝန်ကြီး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့)**

ကျွန်တော်တို့ပြခန်းမှာ အသေးစား၊ အငယ်စား၊ အလတ်စား ကရင်ပြည်နယ်ထွက် ထုတ်ကုန်များနဲ့ တခြားဒေသထွက်ကုန်တွေကို ပြသနေခြင်းဖြစ်ပါတယ်။ ကရင်ရိုးရာ လက်မှုအထည်၊ ဝါးလက်မှုအထည်၊ သဘာဝ ခတ်မြေသြဇာ၊ တွင်းထွက်ပစ္စည်းများနဲ့ လက်တွန်းထွန်စက်တွေ ပါဝင်ပါတယ်။ MSME လုပ်ငန်းတွေအနေနဲ့လည်း ဒေသထွက် တစ်ပိုင်တစ်နိုင်လုပ်ငန်းလေးတွေ ပါဝင်ပါတယ်။ အခုလိုပြသခြင်းအားဖြင့် ဒေသထွက်ကုန်တစ်ခုနဲ့ တစ်ခုဖလှယ်ပြီး ရောင်းအားတွေလည်း မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တိုင်းရင်းသားညီအစ်ကိုတွေ ဆုံစည်းတဲ့ပွဲလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြခန်းကို လာရောက်လေ့လာကြတဲ့ ပြည်သူတွေ သိရှိလိုတာကိုလည်း သေချာလေးရှင်းပြပေးပါတယ်။ ပြည်သူတွေအနေနဲ့လည်း ကျွန်တော်တို့ ရိုးရာယဉ်ကျေးမှုပစ္စည်းတွေကို လေ့လာကြသလို ရိုးရာအစားအစာတွေ ဖြစ်တဲ့ ကရင်ခေါင်ရည်၊ ကရင်မုန့်ဟင်းခါးနဲ့ ဒေသထွက်အစားအစာများကို အမြတ်တနိုးနဲ့ လာရောက်စားသုံးကြတာကိုလည်း တွေ့မြင်ရပါတယ်။ ပြည်သူတွေအားလုံးလည်း လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးနိုင်ထွန်းလှိုင်**
**(ကချင်ပြည်နယ် ပြခန်း တည်ဆောက်ရေး တာဝန်ခံ)**

ကျွန်တော်တို့ပြခန်းမှာ ဒေသထွက်ကုန်တွေဖြစ်တဲ့ ပြောင်း၊ ပဲ၊ တစ်သျှူးငှက်ပျော၊ ကျောက်စိမ်း၊ ပယင်း၊ ရိုးရာအထည်နဲ့ တိုင်းရင်းဆေးတွေ ခင်းကျင်းပြသထားပါတယ်။ ကျွန်တော်တို့ ဒေသမှာလည်း MSMEကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ အခုလိုပြပွဲ ပြုလုပ်ပေးခြင်းအားဖြင့် ကျွန်တော်တို့ဒေသရဲ့ MSME ကဏ္ဍ ဆောင်ရွက်ချက်တွေကို ပြည်သူတွေသိရှိအောင် ပြသခွင့်ရပါတယ်။ ပြည်သူတွေအနေနဲ့လည်း ဘယ်သီးနှံ၊ ဘယ်အပင်တွေက နိုင်ငံ့ဝင်ငွေရရှိစေသလဲဆိုတာ သိရှိခွင့်ရသွားပါတယ်။ နောက်ပြီး ကျွန်တော်တို့ပြခန်းကို လာရောက် လေ့လာကြသူတွေအနေနဲ့လည်း ကချင်ပြည်နယ် ဒေသထွက်ကုန်တွေနဲ့ ပတ်သက်ပြီး တော်တော်လေး ဗဟုသုတရရှိသွားကြမယ်လို့ ယုံကြည်ပါတယ်။ ပြည်သူတွေအနေနဲ့လည်း စိတ်ဝင်တစားနဲ့ လာရောက်လေ့လာကြတဲ့အတွက် ဝမ်းသာပါတယ်။

**ဦးမြင့်ဝင်း**
**(တာဝန်ခံ၊ Super Seven Stars Industrial Development ကုမ္ပဏီလီမိတက် ပြခန်း)**

ကျွန်တော်တို့ပြခန်းမှာ နိုင်ငံပေါင်းကိုးနိုင်ငံ၊ ကုမ္ပဏီပေါင်း ၄၂ ခုနဲ့ ကုန်ပစ္စည်းအမျိုးပေါင်း ၂၁၆ မျိုး ခင်းကျင်းပြသထားပါတယ်။ ဒီပြခန်းမှာ မြန်မာနိုင်ငံအတွင်း နေရာဒေသ အသီးသီးမှာရှိတဲ့ ဒေသန္တရထွက်ကုန်တွေကို အခြေခံပြီး တန်ဖိုးမြင့် ထုတ်ကုန်တွေအဖြစ် ထုတ်လုပ်တဲ့စက်ယန္တရား၊ နည်းပညာများကို အဓိကပြသထားပါတယ်။ ပြသရတဲ့ရည်ရွယ်ချက်ကတော့ ဒေသန္တရထွက်ကုန်တွေကိုအခြေခံပြီး တန်ဖိုးမြင့် ထုတ်ကုန်တွေအဖြစ် ထုတ်လုပ်တဲ့အခါမှာ နိုင်ငံတကာကို တင်သွင်းနိုင်တဲ့ အဆင့်အထိ ထုတ်လုပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာရှိတဲ့ စက်မှုကဏ္ဍ အမြန်ဆုံးတိုးတက်မြင့်မားစေချင်တဲ့အတွက် ဒီပြခန်းကို ပြသရခြင်းဖြစ်ပါတယ်။ နောက်ပြီး ပြည်ပကနေ မှာယူတင်သွင်းရတဲ့ Import တွေကို လျှော့ချမယ်။ ပြည်တွင်းထုတ်ကုန်တွေကို နိုင်ငံတကာကို တင်ပို့နိုင်တဲ့အဆင့်အထိ ဆောင်ရွက်ပြီး နိုင်ငံခြားငွေကို ရှာနိုင်မယ်ဆိုရင် စားသုံးသူတွေအတွက် ပိုမိုအဆင်ပြေလာမယ်လို့ မျှော်လင့်ပါတယ်။ လုပ်ငန်းရှင်တွေနဲ့ လုပ်ငန်းလုပ်ကိုင်ဖို့ ရည်ရွယ်နေတဲ့သူတွေအားလုံး အဆင်ပြေစွာ ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ပြခန်းကို လာရောက် လေ့လာစေချင်ပါတယ်။ ကျွန်တော်တို့ သိရှိထားတဲ့ နည်းပညာတွေကို မျှဝေပေးသွားပါမယ်။ ပွဲတော်ကို လာရောက်ကြတဲ့ ပြည်သူတွေလည်း စိတ်ဝင်တစားနဲ့ လာရောက်ကြည့်ရှုကြပါတယ်။ အားလုံးလာရောက် လေ့လာစေချင်ပါတယ်။

**ဒေါ်လှဲ့လှဲ့ဝင်း**
**(ပွဲတော်သို့ လာရောက်ပါဝင်ဆင်နွှဲသူ)**

ကျွန်မက ဧရာဝတီတိုင်းသူဖြစ်တဲ့အတွက် ဧရာဝတီတိုင်းဒေသကြီးပြခန်းကို ပထမဦးဆုံး သွားရောက်လေ့လာဖြစ်ပါတယ်။ အခုတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြခန်းတွေကို လေ့လာပြီးပါပြီ။ ဒီလိုပွဲကြီးကျင်းပပေးတဲ့အတွက် အားရကျေနပ်မိပါတယ်။ ဒီလိုပြပွဲကြီးမှာ ကိုယ့်ဒေသက ထွက်တဲ့ ပစ္စည်းတွေတင်မဟုတ်ဘဲ အခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေကထွက်ရှိတဲ့ အစားအစာတွေ၊ လူသုံးကုန်ပစ္စည်းတွေကို လေ့လာဝယ်ယူခွင့်ရရှိပါတယ်။ ဒေသန္တရ ဗဟုသုတတွေလည်း ရရှိသလို ကိုယ်မမြင်ဖူးတဲ့ ဒေသထွက်ကုန်တွေကို မြင်ဖူးသွားပါတယ်။ ကိုယ်နေတဲ့ဒေသမှာ မရနိုင်တဲ့ အစားအသောက်ကို ဝယ်ယူခွင့်ရရှိတဲ့အတွက် လူတိုင်းအကျိုးရှိစေတဲ့ ပြပွဲကြီးတစ်ပွဲလို့ မြင်မိပါတယ်။ ဒါကြောင့် ရပ်နီးရပ်ဝေးက မိတ်ဆွေတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို တစ်နေရာတည်းမှာ လေ့လာချင်တယ်၊ ဝယ်ယူချင်တယ်ဆိုရင်တော့ ဒီ MSME အရောင်းပြခန်းကို အရောက် လှမ်းလာခဲ့ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**မခင်နှင်းမှုန်**
**(ပွဲတော်သို့ လာရောက်ပါဝင်ဆင်နွှဲသူ)**

ကျွန်မက MSME အရောင်းပြခန်းတွေကို စိတ်ဝင်စားလို့ ပျဉ်းမနားမြို့နယ်က လာရောက်လေ့လာတာဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ပြခန်းအချို့ လေ့လာပြီးပါပြီ။ ပြခန်းတိုင်းက ကိုယ့်ဒေသထွက်ကုန်အမျိုးမျိုးနဲ့ဆိုတော့ မမြင်ဖူးတဲ့ထွက်ကုန်တွေ၊ စက်ယန္တရားတွေ၊ ရိုးရာအဝတ်အထည်တွေနဲ့ စိတ်ဝင်စားဖွယ်ရာတွေ အပြည့်ဖြစ်နေပါတယ်။ နှစ်ဘီး၊ သုံးဘီးဆိုင်ကယ်တွေနဲ့ လျှပ်စစ်မော်တော်ကားတွေပါ လေ့လာခွင့်ရခဲ့ပါတယ်။ ဒီလိုပြပွဲကြီးကို လေ့လာခွင့်ရတဲ့အတွက် အကျိုးကျေးဇူးတွေ အများကြီးရစေပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ဒေသထွက်ကုန်တွေကို တစ်နေရာတည်းမှာ တစုတစည်းတည်း ဝယ်ယူလေ့လာခွင့်ရတဲ့အပြင် ဒေသထွက် ရိုးရာအစားအစာတွေကိုပါ စားသုံးရတဲ့အတွက် အဲဒီတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ရောက်ရှိသွားသလို ခံစားရပါတယ်။ အဲဒါကြောင့် ဖေဖော်ဝါရီ ၁၀ ရက်ကနေ ၁၄ ရက်အထိ ကျင်းပသွားမှာဖြစ်တဲ့အတွက် လာရောက်လေ့လာဝယ်ယူကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။ ။

■


ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ဖေဖော်ဝါရီ ၈ ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးတင်ဝင်းက စာသင်ကျောင်းအခြေပြု မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြောစဉ်။ ဝင်းကြိုင်(ပြန်/ဆက်)

## မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီးတွင် အသက် ၅၀ နှင့်အထက် ကျန်းမာရေးဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းဆောင်ရွက်

မော်လမြိုင် ဖေဖော်ဝါရီ ၁၀

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ လုပ်ငန်းလမ်းညွှန်ချက်အရ မော်လမြိုင်မြို့ကုသရေးဦးစီးဌာနသည် အသက် ၅၀ နှင့်အထက် ကျန်းမာရေးဝန်ထမ်းများအား သီးခြားကျန်းမာရေးစစ်ဆေးမှုကို ခုတင် (၁၀၀)နှင့်အထက် ဗဟိုအဆင့်ဆေးရုံများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ဆေးရုံကြီးများတွင် အခြေခံစစ်ဆေးရန် သတ်မှတ်ထားသည့် ကျန်းမာရေးစစ်ဆေးမှုများကို ကျန်းမာရေးဝန်ထမ်းတစ်ဦးအတွက် တစ်နှစ်လျှင်တစ်ကြိမ် ဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်သောကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၅၀ နှင့်အထက် ကျန်းမာရေးဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ကို မော်လမြိုင်မြို့ ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဖေဖော်ဝါရီ ၆ ရက်၌ ပြည်နယ်ကုသရေးဦးစီးဌာနမှူးဦးဆောင်၍ မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက အသက် ၅၀ နှင့်အထက် ကျန်းမာရေးဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးကုသစောင့်ရှောက်မှုပေးခြင်း စတင်ဆောင်ရွက်ပြီး လစဉ် ဒုတိယပတ်နှင့် တတိယပတ်ရှိ အင်္ဂါနေ့နှင့် သောကြာနေ့များတွင် ပုံမှန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်ဖွင့်ပွဲမှ ပြည်ထောင်စုစိတ်ဓာတ်နှင့်စပ်လျဉ်းသည့် ရင်တွင်းစကားသံများ

အင်တာဗျူး - ညိမ်းသူ - သတင်းစဉ်
ဓာတ်ပုံ - ကနူး/ရဲထွဋ်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်တွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယနေ့ ဖွင့်ပွဲအခမ်းအနား၌ တက်ရောက်လာကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ပြည်ထောင်စုစိတ်ဓာတ်နှင့်စပ်လျဉ်းသည့် ရင်တွင်းစကားသံများကို စုစည်းဖော်ပြလိုက်ပါသည်-


ဦးမျိုးမြင့်အောင်


ဦးလျှန်ကျင့်မန်


ဒေါ်ညွန့်ညွန့်ရီ


မနေခြည်လင်း


မဖူးသစ်အောင်


မောင်မျိုးသန့်ကျော်


မဂျူဂျူထက်


မဖြိုးအိသန္တာဝင်း

**ဦးမျိုးမြင့်အောင်**

**(ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး)**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ MSME လုပ်ငန်းတွေရဲ့ ထုတ်ကုန်တွေ ပြသရောင်းချတဲ့ပွဲဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၀ ရက်ကနေ ၁၂ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ရောင်းချပေးသွားမှာပါ။ ပြည်ထောင်စုနေ့မှာ ည ၁၀ နာရီခွဲအထိ နာမည်ကြီးအဆိုတော်တွေရဲ့ တေးဂီတဖျော်ဖြေပွဲ၊ တိုင်းရင်းသားရိုးရာကပွဲ၊ မီးရှူးမီးပန်းတွေနဲ့ ဂုဏ်ပြုပစ်ဖောက်သွားမှာဖြစ်ပါတယ်။ ပြီးတော့ လာရောက်တဲ့ပြည်သူတွေကို စတုဒိသာကျွေးသွားမှာပါ။

ကျွန်တော်တို့နိုင်ငံရဲ့ MSME လုပ်ငန်းရှင်တွေ ထုတ်လုပ်တဲ့ပစ္စည်းတွေကို အခုလိုပြပွဲကနေ ပြည်သူသိရှိရောင်းချနိုင်မှုကနေ သူတို့လုပ်ငန်းတွေ ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ပြည်ပကတင်သွင်းတဲ့ သွင်းကုန်အစားထိုးပစ္စည်းတွေလည်းဖြစ်ပါတယ်။ ဝယ်ယူသုံးစွဲမှုများလာတာ လုပ်ငန်းရှင်တွေအတွက် ဝမ်းသာစရာပါ။ နိုင်ငံတော်အတွက်လည်း အကျိုးရှိစေပါတယ်။ ယခုပြပွဲကို လာရောက်ကြည့်ရှုပြီး ပျော်ရွှင်စွာဆင်နွှဲဖို့လည်း ဖိတ်ခေါ်ပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုနဲ့ ပြည်ထောင်စုစိတ်ဓာတ်ဟာ ကျွန်တော်တို့တိုင်းပြည်အတွက် အရေးအကြီးဆုံးဖြစ်ပါတယ်။ ဒီထက်အရေးကြီးတာ ဘာမှမရှိပါဘူး။ တိုင်းပြည်ရေရှည်ရပ်တည်ခဲ့တယ်ဆိုတာ တိုင်းရင်းသားတွေရဲ့စည်းလုံးညီညွတ်မှုအားနဲ့ ရပ်တည်ခဲ့တာ ဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ဟာ ကျွန်တော်တို့နိုင်ငံအတွက် အတိတ်၊ လက်ရှိနဲ့ အနာဂတ်ကာလမှာ အရေးအကြီးဆုံးလည်းဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးဟာ အရေးပါပါတယ်။ ငြိမ်းချမ်းမှုနဲ့အညီ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်တွင်းငြိမ်းချမ်းမှုရှိမှသာ စီးပွားရေးဖွံ့ဖြိုးပြီး လူနေမှုအဆင့်မြင့်မားလာမှာပါ။ အခြားသောနိုင်ငံတွေနဲ့လည်း ရင်ပေါင်တန်းနိုင်မှာပါ။

**ဦးလျှန်ကျင့်မန်(YRTC တွဲဖက်အတွင်းရေးမှူး)**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပြည်သူ့ရင်ပြင်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပတဲ့ MSME ဈေးရောင်းပွဲတော်ပြခန်းကို လာရောက်ကြည့်ရှုလေ့လာကြတဲ့ ပြည်သူတွေ ညပိုင်းမှာသွားလာရေးအဆင်ပြေအောင် ဆောင်ရွက်ပေးထားပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံနေထိုင်တဲ့ နိုင်ငံဖြစ်တဲ့အတွက် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးဖို့ဆိုရင် ပြည်ထောင်စုစိတ်ဓာတ်နဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တွေ ရှင်သန်နေဖို့ လိုအပ်ပါတယ်။ ချစ်ခင်အေးချမ်းစွာနဲ့ အတူယှဉ်တွဲနေထိုင်ပြီး စည်းလုံးညီညွတ်စွာ နိုင်ငံတိုးတက်အောင် လက်တွဲဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

**ဒေါ်ညွန့်ညွန့်ရီ**

**(မော်ကွန်းထိန်း-ရန်ကုန်ပညာရေးတက္ကသိုလ် သင်တန်းရေးရာဌာန)**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို MSME ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဖိတ်ကြားတဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ကျောင်းမှာ တိုင်းရင်းသားပေါင်းစုံရှိတဲ့အတွက် ကျောင်းသား ကျောင်းသူတွေအနေနဲ့လည်း ယနေ့လာရောက်တဲ့ပွဲမှာ အားလုံးပျော်ရွှင်နေကြတာကို တွေ့ရပါတယ်။

ပြည်ထောင်စုနေ့ဟာ မကြာခင်ရောက်ရှိတော့မှာပါ။ ပြည်ထောင်စုစိတ်ထားဟာ တိုင်းပြည်အတွက် အတိုင်းမသိအရေးပါပါတယ်။ ဒီနေ့ပွဲမှာဆိုရင် တိုင်းရင်းသားပေါင်းစုံကို တွေ့မြင်ရတာဟာ ပြည်ထောင်စုစိတ်ထားကို နိုးကြားစေတဲ့အချက်တစ်ချက်ပါ။ တိုင်းရင်းသားလူငယ်တွေ စည်းလုံးညီညွတ်မှုကို တွေ့ရတဲ့အတွက် မျိုးဆက်သစ်ကျောင်းသား၊ လူငယ်တွေအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုခိုင်မြဲစေမယ်လို့ ယုံကြည်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ပြည်တွင်းငြိမ်းချမ်းရေးက အရေးကြီးပါတယ်။ စည်းလုံးညီညွတ်မှုရှိရင် နိုင်ငံငြိမ်းချမ်းမယ်၊ ငြိမ်းချမ်းရင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာဖြစ်တာကြောင့် စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းမှုနဲ့ ပြည်ထောင်စုကြီးဆိုတာ တစ်သွေးတစ်သားတည်းထွန်းလင်းနေမှာပါ။ ဒီနေ့မှာ စည်းစည်းလုံးလုံးနဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကို တွေ့မြင်ရတာဟာ ရင်ထဲမှာ ဖော်ပြလို့မရအောင် ဝမ်းသာပီတိဖြစ်ရပါတယ်။

**မနေခြည်လင်း**

**(ရန်ကုန်ပညာရေးတက္ကသိုလ် – စတုတ္ထနှစ် ရှမ်းတိုင်းရင်းသူ)**

ပြည်ထောင်စုနေ့အထိမ်းအမှတ်ပွဲကို ဖိတ်ကြားပေးတဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပွဲကို စည်စည်ကားကား သိုက်သိုက်ဝန်းဝန်းနဲ့ ကျင်းပပေးတာကိုလည်း အတိုင်းမသိဝမ်းမြောက်မိပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ စည်းလုံးညီညွတ်မှုဟာ အရေးကြီးပါတယ်။ ထင်းစည်းကိုချိုးဖို့ မလွယ်ကူပေမဲ့ အဲဒီထင်းစည်းက ထင်းချောင်းတစ်ချောင်းထဲဆိုရင် ချိုးဖဲ့ဖို့လွယ်ကူစေပါတယ်။ မြန်မာနိုင်ငံမှာလည်း တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ နေထိုင်နေမယ်ဆိုရင်ပြည်ပနိုင်ငံတွေ ဝင်ရောက်နှောင့်ယှက်မှု မလုပ်ဆောင်နိုင်ပါဘူးလို့ ခံယူမိပါတယ်။ ကျွန်မတို့ကျောင်းသူတွေအနေနဲ့ မြန်မာနိုင်ငံသာမက ကမ္ဘာကြီးပါ စစ်မက်မရှိဘဲ အေးချမ်းသာယာတာကို မြင်တွေ့လိုပါတယ်။

**မဖူးသစ်အောင်**

**(ရန်ကုန်ပညာရေးတက္ကသိုလ် –စတုတ္ထနှစ် – မွန်တိုင်းရင်းသူ)**

ဒီနေ့လာရောက်ရတဲ့အတွက် လွန်စွာပျော်ရွှင်မိပါတယ်။ ကျွန်မတို့ကျောင်းကို ဖိတ်ကြားပေးတဲ့အတွက်လည်း ဂုဏ်ယူကျေးဇူးတင်ပါတယ်။ အခုလို တိုင်းရင်းသားမောင်နှမတွေကို တွေ့ရတာရင်ထဲမှာ ဖော်ပြလို့မရတဲ့ စိတ်ကြည်နူးမှုတစ်ခုကို ခံစားရပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိမှသာ ပြည်ထောင်စုဆိုတာ ဖြစ်လာတာပါ။ တိုင်းရင်းသားအားလုံးပေါင်းစုမှသာ မြန်မာနိုင်ငံဆိုတာ ဖြစ်လာတာပါ။ မြန်မာနိုင်ငံဆိုတာ တိုင်းရင်းသား ၁၃၅ မျိုးစုပေါင်းထားတဲ့အင်အားလို့ ပြောရမှာပါ။ ငါ့တိုင်းရင်းသားဆိုပြီး ခွဲခြားမှုမရှိဘဲ အခုလို ပြည်ထောင်စုနေ့အထိမ်းအမှတ်ပွဲမှာ စည်းစည်းလုံးလုံး တစုတဝေးတည်း တွေ့မြင်ရတာဟာ ပြည်ထောင်စုစိတ်ဓာတ်ကို ပိုပြီးတန်ဖိုးထားလေးနက်စေပါတယ်။ နိုင်ငံငြိမ်းချမ်းသာယာပါစေလို့ ကျွန်မနေ့တိုင်းဆုတောင်းပါတယ်။ တိုင်းပြည်အေးချမ်းသာယာမယ်ဆိုရင် ရှေ့တိုးတက်မယ့်လမ်းစတွေ အများကြီးမြင်မိပါတယ်။ နိုင်ငံငြိမ်းချမ်းမှုမရှိခြင်းဟာ လူငယ်တွေအတွက်ထိခိုက်စေသလို နိုင်ငံလည်း ထိခိုက်ပါတယ်။ နိုင်ငံရှေ့မတိုးနိုင်တာဟာ ရောဂါခံစားနေရတဲ့ လူနာတစ်ယောက်လိုဖြစ်နေတာကြောင့် နိုင်ငံမကျန်းမာသလိုပါပဲ။ ဒါကြောင့် မြန်မာနိုင်ငံ အမြန်ဆုံးကျန်းမာပါစေလို့ နေ့တိုင်းဆုတောင်းပါတယ်။

**မောင်မျိုးသန့်ကျော်**

**(တိုင်းရင်းသားဒီဂရီကောလိပ်– စတုတ္ထနှစ်–နာဂတိုင်းရင်းသား)**

တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကို အခုလိုတွေ့ရတာ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ချစ်စရာတိုင်းရင်းသားတွေနဲ့ စုဖွဲ့နေထိုင်နေတာပါလားဆိုတဲ့ အသိကိုလည်း သတိရစေပါတယ်။ ကျောင်းပြီးရင် အမိနိုင်ငံနဲ့ တိုင်းရင်းသားအကျိုးအတွက် လုပ်ငန်းခွင်ဝင်ပြီး တာဝန်ထမ်းဆောင်သွားဖို့ရှိပါတယ်။

ပြည်ထောင်စုစိတ်ဓာတ်ဟာ တိုင်းရင်းသားတွေနဲ့ဖွဲ့စည်းထားတဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ အလွန်အရေးကြီးပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံဟာ သစ်ပင်တစ်ပင်ဖြစ်မယ်ဆိုရင် ပြည်ထောင်စုတိုင်းရင်းသားတွေဟာ သစ်ပင်ရဲ့အကိုင်းအအခက်တွေပါပဲ။ ပင်စည်ရှင်သန်နေဖို့ လိုပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးရဖို့ဆိုရင် တစ်မူ၊ တစ်မင်း၊ တစ်သွေး၊ တစ်ဖဆိုတဲ့စိတ်ကို ဖယ်ရှားပြီး ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်ဖို့ လိုအပ်ပါတယ်။ ပြည်ထောင်စုညီအစ်ကိုတွေကို ယနေ့မှာ ရောင်စုံတွေ့မြင်ရတာဟာ အတိုင်းမသိဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။

**မဂျူဂျူထက်**

**(လသာမြို့နယ် အမှတ် ၁ အထက်တန်းကျောင်း၊ Grade–9)**

ပြည်ထောင်စုနေ့အထိမ်းအမှတ်ပွဲမှာ ကျောင်းသား ကျောင်းသူတွေကို တွေ့မြင်ရပြီး ဘင်ခရာတီးဝိုင်းနဲ့ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းသာပျော်ရွှင်မိပါတယ်။ ကျွန်မတို့ကျောင်းကို ဖိတ်ကြားပေးတဲ့အတွက် ဂုဏ်ယူဝမ်းသာမိပါတယ်။ ကျွန်မတို့ဘင်ခရာအဖွဲ့ကို ဆုချီးမြှင့်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ပြည်ထောင်စုကြီးမပြိုကွဲအောင် ဆက်လက်ထိန်းသိမ်းသွားရမယ်လို့ ခံယူထားပါတယ်။

**မဖြိုးအိသန္တာဝင်း**


**(လသာမြို့နယ်၊ အမှတ် ၂ အထက်တန်းကျောင်း၊ Grade 8)**

ဒီနေ့မှာ သူငယ်ချင်းတွေနဲ့အုပ်စုလိုက် ဘင်ခရာတီးဝိုင်းနဲ့ ဖျော်ဖြေရတာ ဝမ်းသာကြည်နူးမိပါတယ်။ ဖေဖော်ဝါရီ ၁၂ ရက်နေ့ဆိုရင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ ရောက်ပါပြီ။ ပြည်ထောင်စုနေ့ဆိုတာ တိုင်းရင်းသားအားလုံးကို တစုတစည်းတည်း တွေ့မြင်ရတဲ့နေ့လို့ မြင်မိပါတယ်။ တိုင်းရင်းသားအားလုံးကို တွေ့မြင်ရတဲ့အတွက် “လှပတဲ့မြန်မာ” ဆိုတဲ့ သီချင်းထဲကလို ရောင်စုံပန်းတွေပွင့်နေတဲ့ပန်းဥယျာဉ်ကြီးထဲက ပန်းတွေလိုပဲ တိုင်းရင်းသားတွေကို မြင်မိပါတယ်။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှသာ နိုင်ငံတိုးတက်မှာဖြစ်တဲ့အတွက် ညီညွတ်စေချင်ပါတယ်။

# ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်းသည့် အကြောင်းအရာများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင်ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအာဏာတည်သည့် နေ့ရက်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို ကြော်ငြာခဲ့ပါတယ်။ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုတာကတော့ ယခုမှ အသစ်ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေမဟုတ်ပါဘူး။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ၁၉၅၉ ခုနှစ်ကတည်းကတိုင် ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုတာရှိပါတယ်။ အဲဒီနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလထဲမှာ ဥပဒေအမှတ်(၂၇/၂၀၁၀)နဲ့ ၁၉၅၉ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ပြင်ဆင်ပြီးသတ်မှတ်ခဲ့တာ ဖြစ်ပါတယ်။ အကြမ်းဖျင်းအားဖြင့် ပြောရမယ်ဆိုရင်တော့ ပြည်သူ့စစ်မှုထမ်းဥပဒေမှာ အခန်း ၈ ခန်း ပါပါတယ်။ ဒီအခန်း ၈ ခန်းထဲမှာ အရေးကြီးတဲ့ဟာတွေကိုပဲ ကျွန်တော်ထုတ်နုတ်ပြီး ပြောလိုပါတယ်။ အခန်း ၁ မှာတော့ စစ်မှုထမ်းရမယ့် ကာလတွေ၊ ဒီစစ်မှုထမ်းရမယ့် ကာလတွေမှာ ဒီစစ်မှုထမ်းရမယ့် အသက်အရွယ်တွေ၊ ကာလတွေ၊ စစ်မှုထမ်းရမယ့် အသက်အရွယ်အနေနဲ့ နိုင်ငံသားတိုင်း အမျိုးသားဆိုရင် အသက် ၁၈ နှစ်ပြည့်ပြီး ၃၅ နှစ် မကျော်သေးတဲ့လူတွေ၊ အမျိုးသမီးဆိုရင် အသက် ၁၈ နှစ်ပြည့်ပြီး ၂၇ နှစ် မကျော်သေးတဲ့သူတွေ ဖြစ်ပါတယ်။ ကျွမ်းကျင်ပညာရှင်များအနေနဲ့ကတော့ အမျိုးသား အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၄၅ နှစ် မကျော်သေးတဲ့လူတွေ၊ အမျိုးသမီး အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၃၅ နှစ်မကျော်သေးတဲ့သူတွေ အားလုံးသည် စစ်မှုထမ်းဆောင်ဖို့အတွက် တာဝန်ရှိပါတယ်။ စစ်မှုထမ်းဆောင်ရမယ့် ကာလကတော့ ၂၄ လ နှစ်နှစ်ဖြစ်ပါတယ်။ ကျွမ်းကျင်ပညာရှင်များအနေနဲ့ ၃၆ လ သုံးနှစ်ဖြစ်ပါတယ်။

ဒီပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းရတဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံသားတိုင်းဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ဒို့တာဝန်အရေး ၃ ပါးကို စောင့်ထိန်းဖို့ တာဝန်ရှိပါတယ်။ ဒါကြောင့်မလို့ ဒီဟာတွေကို စောင့်ထိန်းဖို့ တာဝန်ရှိတာနဲ့အညီ စစ်ပညာသင်ကြားဖို့နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြဋ္ဌာန်းထားတဲ့ ဥပဒေဖြစ်ပါတယ်။ ဒါ့ပြင် နိုင်ငံသားတွေရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက်မှာ နိုင်ငံသားတွေရဲ့ မူလတာဝန်ဝတ္တရားတွေရှိပြီးဖြစ်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၃၈၅ မှာတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၃၈၆ မှာတော့ နိုင်ငံသားတိုင်း ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ စစ်ပညာသင်ကြားရန်နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဆိုပြီး ပြဋ္ဌာန်းထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါတွေနဲ့ အတူတူပဲ ဒီနိုင်ငံသားတိုင်း စစ်မှုတာဝန် ထမ်းဆောင်နိုင်ရေးအတွက် တပ်မတော်ဟာ ပုဒ်မ ၂၀(ဃ)မှာ တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးမှာ ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်လို့ ပြဋ္ဌာန်းထားတာတွေ့ရမှာ ဖြစ်ပါတယ်။ ဒါ့ပြင်ဒီလို ဆောင်ရွက်တဲ့နေရာမှာ အခြေခံဥပဒေ ၃၃၉ မှာ နိုင်ငံတော်ကို ပြည်တွင်း/ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်။ ပုဒ်မ ၃၄၀ မှာ တပ်မတော်ဟာ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးမှာ ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာဖော်ဆောင်ရမည်လို့ပါရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလမှာ ဥပဒေအမှတ် (၂၇/၂၀၁၀)နဲ့ ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ အဲဒီတစ်ရက်ထဲမှာပဲ နောက်ထပ် ဥပဒေတစ်ခုရှိပါသေးတယ်။ အဲတာကတော့ ဥပဒေအမှတ် (၂၈/၂၀၁၀) နဲ့ ပြဋ္ဌာန်းခဲ့တယ် ။ အရန်တပ်ဖွဲ့ ဥပဒေဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ စစ်မှုမထမ်းမနေရ ပြဋ္ဌာန်းထားတဲ့ နိုင်ငံပေါင်း ၁၈ နိုင်ငံခန့်ရှိကြောင်းကို လေ့လာတွေ့ရှိပါတယ်။ တချို့အပိုင်းတွေမှာတော့ National Service အမျိုးသားစစ်မှုထမ်း စနစ်ဆိုတဲ့ခေါင်းစဉ်မျိုးတွေ ပြဋ္ဌာန်းထားတာမျိုးတွေ တွေ့ရပါတယ်။ အမျိုးသားစစ်မှုထမ်းတာဝန် National Service ကို တာဝန်ထမ်းဆောင်တဲ့နေရာမှာတော့ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ တာဝန်ထမ်းဆောင်ရတာကို တွေ့ရပါမယ်။ အကြမ်းဖျင်းလေ့လာကြည့်ရင်တော့ စစ်မှုထမ်းဆောင်ဖို့အတွက် ဥပဒေပြဋ္ဌာန်းပြီးတော့ စစ်မှုထမ်းဆောင်စေခြင်းမရှိတဲ့ နိုင်ငံတွေလည်းရှိပါတယ်။ ခုနပြောတဲ့ စစ်မှုထမ်းဆောင်တဲ့ ဥပဒေပြဋ္ဌာန်းပြီး မဖြစ်မနေ စစ်မှုထမ်းဆောင်စေတဲ့ နိုင်ငံတွေလည်းရှိပါတယ်။ နောက်တစ်မျိုးကတော့ ထူးခြားတဲ့ အခြေအနေတစ်ရပ်အတွင်း ဥပဒေပြဋ္ဌာန်းပြီး စစ်မှုထမ်းဆောင်စေတဲ့ နိုင်ငံများဖြစ်ပါတယ်။ နောက်တစ်ခုကတော့ မဖြစ်မနေစစ်မှုထမ်းဆောင်ခြင်းနဲ့ ဆန္ဒအရ စစ်မှုထမ်းဆောင်စေခြင်း နှစ်မျိုးလုံးကို ကျင့်သုံးနေတဲ့ နိုင်ငံများဖြစ်ပါတယ်။ နောက်တစ်မျိုးကတော့ မဖြစ်မနေ စစ်မှုထမ်းဥပဒေပြဋ္ဌာန်းပြီး စစ်မှုထမ်းဆောင်စေတဲ့ နိုင်ငံများမှာ တပ်မတော်များမှာ တာဝန်ထမ်းဆောင်တဲ့နေရာမှာ အရပ်ဘက်လုပ်ငန်းတွေ၊ လက်နက်မကိုင်ရတဲ့ လုပ်ငန်းတွေ၊ တိုက်ပွဲမဝင်ရတဲ့ နေရာတွေမှာ ရွေးချယ်အမှုထမ်းတဲ့ နိုင်ငံတွေလည်းရှိပါတယ်။ နောက်တစ်မျိုးကတော့ မဖြစ်မနေ စစ်မှုထမ်းဥပဒေပြဋ္ဌာန်းပြီး စစ်မှုထမ်းဆောင်စေတဲ့ နိုင်ငံများရဲ့ စစ်တပ်များမှာ တာဝန်ထမ်းဆောင်ရာမှာ ရွေးချယ်ပိုင်ခွင့်မရှိတဲ့ နိုင်ငံများလည်းရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းပြီး တာဝန်ထမ်းဆောင်နေတဲ့ လက်ရှိ ၁၈ နိုင်ငံရှိကြောင်းကို တွေ့ရပါတယ်။ ဥပမာအနေဖြင့် ဩစတြေးလျ၊ ဂျာမနီ၊ အီရန်၊ မလေးရှား၊ မက္ကဆီကို၊ နော်ဝေ၊ ရုရှား၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ တူရကီ စတဲ့နိုင်ငံများ ဖြစ်ပါတယ်။ စစ်မှုထမ်းဆောင်ဖို့အတွက် မဖြစ်မနေ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒီလိုပါပဲ တချို့နိုင်ငံတွေမှာ ခုနကျွန်တော်ပြောခဲ့တဲ့ ၆ မျိုးပုံစံမျိုးတွေနဲ့ ရှိပါတယ်။ တချို့နိုင်ငံတွေကတော့ စစ်မှုမထမ်းမနေရစနစ်ကိုပဲ အပျော်တမ်းတပ်ဖွဲ့တွေ၊ အမြဲတမ်းမဟုတ်တဲ့ တပ်ဖွဲ့တွေ၊ ဒီလိုပုံစံမျိုးနဲ့ တာဝန်ထမ်းဆောင်နေတာမျိုးတွေလည်းရှိပါတယ်။




ဒါကြောင့်မို့ ကျွန်တော်ပြောချင်တာက ကမ္ဘာပေါ်မှာတော့ စစ်မှုထမ်းဆောင်ခြင်းဆိုတာသည် နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် ပြည်သူအားလုံးမှာ တာဝန်ရှိတာနဲ့အညီ ပြဋ္ဌာန်းချက်အမျိုးမျိုး၊ ဥပဒေအမျိုးမျိုးနဲ့ ပြဋ္ဌာန်းသက်ဝင်လှုပ်ရှားနေတာပဲ ဖြစ်တယ်ဆိုတာကို ပြောလိုပါတယ်။ ကျွန်တော်တို့ ဒေသတွင်း နိုင်ငံများအနေနဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ လာအိုဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံဆိုရင် ၁၉၉၁ ခုနှစ်ကတည်းကတိုင် စတင်ပြဋ္ဌာန်းကျင့်သုံးနေတာ ဖြစ်ပါတယ်။ အရွယ်ရောက်ပြီးတဲ့ အမျိုးသား ၁၈ နှစ်အထက်နဲ့ အရွယ်ရောက်ပြီးတဲ့ အမျိုးသမီး ၂၀ နှစ်အထက် ကျန်းမာရေးကောင်းမွန်သူ အကုန်လုံးဟာ ပြည်သူ့စစ်ဌာနချုပ်အလိုက် တပ်သားသစ်စာရင်းသွင်းပြီး သင်တန်းပေးလေ့ကျင့် ၃ နှစ် စစ်မှုထမ်းတာဝန်ထမ်းဆောင်ရတာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေကတော့ စစ်မှုထမ်းဆောင်ရန်မလိုဘဲနဲ့ လေ့ကျင့်ရေးစစ်ပညာ အခြေခံသင်တန်းကို သက်ဆိုင်ရာ ပြည်နယ်စစ်ဌာနချုပ်တွေမှာ ၆ လ သင်တန်းတက်ရတာမျိုးတွေ့ပါတယ်။ အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာဆိုရင် အမျိုးသားအားလုံးတပ်မတော်မှာ တာဝန်ထမ်းဆောင်ရမယ်လို့ ပြဋ္ဌာန်းထားတာရှိပါတယ်။ အရန်တပ်သားအဖြစ် မှတ်ပုံတင်သူတွေဟာ အသက် ၂၁ နှစ် ပြည့်တဲ့နှစ်မှာ မိမိစစ်မှုထမ်းဆောင်ရန် မှတ်ပုံတင်ထားတဲ့ မြို့နယ်တွေမှာ ဒီဇင်ဘာလ ၃၁ ရက်နေ့မတိုင်မီ စစ်သင်တန်းတက်ရောက်ရန် စာရွက်စာတမ်းများ တောင်းယူရပါတယ်။

ပြီးရင် ကျွန်တော်တို့ စာရင်းသွင်းပြီးရင် ဥပဒေအရ စစ်မှုထမ်းဆောင်နိုင်ရေး ရွေးချယ်မှုအပေါ်မှာ မဲနှိုက်ရပါတယ်။ အနီမဲနဲ့ အနက်မဲဆိုပြီး နှစ်မျိုးရှိပြီး အနီမဲရတဲ့သူတွေက စစ်မှုထမ်းဆောင်ရပြီး အနက်မဲရတဲ့သူတွေက စစ်မှုထမ်းဆောင်ရန် ကင်းလွတ်ခွင့် သူ့နေရာနှင့်သူ ပြဋ္ဌာန်းကျင့်သုံးနေတာကို ကျွန်တော်တို့တွေ့ရပါတယ်။ စင်ကာပူနိုင်ငံဆိုလျှင် အမျိုးသားစစ်မှုထမ်းမှုဥပဒေကို ၁၉၆၇ မှာ အသက် ၁၈ နှစ်ပြည့်ပြီးတဲ့သူတိုင်း နှစ်နှစ်စစ်မှုထမ်းတာဝန်ထမ်းဆောင်ရတာဖြစ်ပါတယ်။ ဒါတွေသည် ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း စစ်မှုထမ်းဆောင်ခြင်းဆိုတဲ့အကြောင်းအရာသည် ယခင်ကတည်းကတိုင် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ယခင်ကျွန်တော်တို့ အင်္ဂလိပ်လက်ထက် ဂျပန်ခေတ်ကတိုင် ထောင်ပြုမြို့၊ ဆယ်ပြုမြို့၊ ရာပြုမြို့စတဲ့ စစ်မှုထမ်းဆောင်နိုင်ရန်အတွက် မြို့အလိုက်ကနေပြီးတော့ စစ်မှုထမ်းဆောင်ရန် ဆင့်ခေါ်လျှင် မြို့အလိုက် လူဦးရေတစ်ထောင်၊ လူဦးရေရာဂဏန်း၊ လူဦးရေဆယ်ဂဏန်း စစ်မှုထမ်းဆောင်ရန်အတွက်၊ နိုင်ငံတော် တာဝန်ထမ်းဆောင်ရန်အတွက် လုပ်ဆောင်ပေးရတဲ့ဟာတွေရှိပါတယ်။ ဒါ့အပြင် လွတ်လပ်ရေး တိုက်ပွဲဝင်ကာလ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ ဗမာ့လွတ်လပ်ရေး တပ်မတော် BIA ဖွဲ့စည်းခဲ့ပါတယ်။ ဒီ BIA မှာလည်း စစ်မှုထမ်းဆောင်ဖို့၊ စစ်စည်းရုံးဖို့ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဗန်ကောက်မှာ အင်အား ၂၀၀ လောက်နဲ့ စတင်ခဲ့တဲ့ BIA ဟာ ၆ လ၊ ၇ လအတွင်းမှာ အင်အား ၅ သောင်းအထိ စစ်စည်းရုံးနိုင်ခဲ့ပါတယ်။ ဒါကြောင့်မလို့လည်း လွတ်လပ်ရေးကို ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ကျင့်သုံးနေတဲ့ စစ်မဟာဗျူဟာသည် ပြည်သူ့စစ်မဟာဗျူဟာဖြစ်ပါတယ်။ ဒါမြန်မာနိုင်ငံနှင့်အသင့်တော်ဆုံးစစ်မဟာဗျူဟာကို သုံးသပ်ချမှတ်တဲ့နေရာမှာ ၁၉၆၄ ခုနှစ် တပ်မတော်တပ်မှူးများညီလာခံကနေစပြီး ပြည်သူ့စစ်မဟာဗျူဟာအကောင်အထည်ဖော်ဖို့ စတင်ဆွေးနွေးခဲ့ပါတယ်။ ၁၉၆၇ ခုနှစ်မှာ ပြည်သူ့စစ်မဟာဗျူဟာကို လက်ခံရေးဆွဲခဲ့တာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ စစ်စည်းရုံးနိုင်မှုစွမ်းရည်နဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်နိုင်မှုစွမ်းရည်တွေကို ပြည်ပကျူးကျော်မှုဖြစ်တဲ့ တရုတ်ဖြူ ကူမင်တန် ကျူးကျော်စစ်ကာလ ပြည်တွင်းသောင်းကျန်းမှု အရှိန်မြင့်တင်နေတဲ့ ကာလတွေမှာ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ရပါတယ်။ မြစ်ဝကျွန်းပေါ်ဒေသ၊ ပဲခူးရိုးမဒေသတွေမှာဆိုရင် ပြည်သူအားလုံးပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာ ကျင့်သုံးပြီးတော့ ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့်မလို့ ပြည်တွင်းသောင်းကျန်းမှု မြန်မာနိုင်ငံအလယ်ပိုင်းဒေသအရေးပါတဲ့ဒေသမှာပြည်တွင်းသောင်းကျန်းမှုကိုအတူတူ ချုပ်ငြိမ်းသွားရခြင်းပဲဖြစ်ပါတယ်။ ဒီနေ့ ဒီအချိန်အခါမှာလည်း ကျွန်တော်တို့ နိုင်ငံအနေနဲ့ဖြစ်ပေါ်နေတဲ့ အခြေအနေများအရ ပြည်သူ့စစ်မဟာဗျူဟာ၊ ပြည်သူအားလုံးပါဝင်တဲ့ အမျိုးသားစစ်မှုထမ်းစနစ် မဖြစ်မနေ ကျင့်သုံးဖို့ လိုအပ်လာပါတယ်။ ဒါတွေကြောင့်မလို့ ကျွန်တော်တို့အနေနဲ့ ဒါတွေကို ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း လိုအပ်လာလျှင် အရင်အမျိုးသားစစ်မှုထမ်းစနစ်ထက်မြင့်မားတဲ့ စစ်စည်းရုံးမှု War Mobilization ဆိုတဲ့ ပုံစံမျိုးအထိ လုပ်ဆောင်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုမျိုး လုပ်ဆောင်လာခြင်းဟာ နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် လိုအပ်လာလျှင် ဆောင်ရွက်ရခြင်းသာ ဖြစ်ပါတယ်။ စစ်စည်းရုံးခြင်းဆိုတဲ့ဟာတွေ ဆောင်ရွက်တဲ့အခါမှာတော့ နိုင်ငံတော်မှာ စစ်ကာလ၊ ဒါမှမဟုတ် အရေးပေါ်ကာလရည်မှန်းချက်များကို အောင်မြင်နိုင်ဖို့အတွက် နိုင်ငံရဲ့အရင်းအမြစ်များကို စုစည်းတဲ့၊ ဖွဲ့စည်းတဲ့၊ အသုံးချတယ်ဆိုတဲ့ဟာတွေကို ကျွန်တော်တို့ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ယခုကျွန်တော်တို့ လက်ရှိဆောင်ရွက်နေတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေထက်မြင့်မားတဲ့ ကိစ္စတွေကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဥပမာ စစ် စည်းရုံးခြင်းတွေမှာဆိုရင် နိုင်ငံရေးအရ စစ်စည်းရုံးမှုတွေ၊ စီးပွားရေးအရ စစ်စည်းရုံးမှုတွေ၊ စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ စစ်စည်းရုံးမှုတွေ ဒါကြောင့်မလို့ စစ်စည်းရုံးမှုပုံစံတွေ၊ စစ်စည်းရုံးမှုအသွင်သဏ္ဌာန်တွေနဲ့ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီဟာဆောင်ရွက်ရခြင်းဟာ ကျွန်တော်တို့အနေနဲ့ စစ်ရေးတာဝန်တစ်ခုတည်းကို ရည်မှန်းပြီးတော့ ဆောင်ရွက်ရတာပါ။

စာမျက်နှာ ၁၃ သို့ ❖

# ရာဖာမြို့ကို စစ်ဆင်ရေးဆင်နွှဲရန် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု အမိန့်ပေး

ဂျေရုဆလင် ဖေဖော်ဝါရီ ၁၀

ကမ္ဘာ့ခေါင်းဆောင်များက ဂါဇာကမ်းမြောင်ဒေသရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းအပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိစဉ် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ရာဖာမြို့ကို စစ်ဆင်ရေးဆက်လက်ဆင်နွှဲရန် ယမန်နေ့က အမိန့်ပေးခဲ့ကြောင်း သိရသည်။

ပြည်သူတစ်သန်းကျော်နေထိုင်သည့် သို့မဟုတ် ခိုလှုံရာနေရာဖြစ်သည့် ရာဖာမြို့တွင် ကြီးမားသော စစ်ဆင်ရေးတစ်ခု ဆင်နွှဲရန်လိုအပ်ကြောင်း နေတန်ယာဟုက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားသည်။ မြေပြင်တပ်များအနေဖြင့် စစ်ဆင်ရေးဆင်နွှဲမှုမပြုမီ ရာဖာမြို့အတွင်းရှိ အရပ်သားများကို ရွှေ့ပြောင်းခိုင်းရန် အစ္စရေးတပ်ဖွဲ့ဝင်များကို အမိန့်ပေးခဲ့သည်။



သို့သော် ပြည်သူအများအပြားသည် ရာဖာမြို့သို့ မပြောင်းရွှေ့မီ အခြားနေရာများမှ ကြိမ်ဖန်များစွာ ရွှေ့ပြောင်းလာခဲ့ပြီးဖြစ်သည့်အတွက် ထပ်မံပြောင်းရွှေ့ရမည့်အရေးကို ဝန်လေးလျက်ရှိကြသည်။

ရာဖာမြို့ကို မြေပြင်ထိုးစစ်မဆင်မီ အစ္စရေးတပ်ဖွဲ့များသည် လေကြောင်းတိုက်ခိုက်မှုများ စတင်လျက်ရှိကြောင်း သိရသည်။

အိပ်ပျော်လျက်ရှိစဉ် ဗုံးပေါက်ကွဲသံများ ရုတ်တရက်ကြားရသည့်အတွက် အိပ်ရာမှ လန့်နိုးလာခဲ့ပြီး ၎င်း၏မိသားစုဝင်များကို အော်ခေါ်သော်လည်း မည်သူမျှ ပြန်လည်ဖြေကြားခြင်းမရှိကြောင်းနှင့် မိသားစုဝင်များ အသက်ရှင်လွတ်မြောက်နိုင်ချေမရှိသည့်အတွက် ဝမ်းနည်းမိပါကြောင်း လေကြောင်းတိုက်ခိုက်မှုမှ လွတ်မြောက်လာသူ မိန်းကလေးတစ်ဦးက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသတွင် ပြီးခဲ့သည့် လေးလအတွင်း တိုက်ပွဲများကြောင့် ပါလက်စတိုင်း ၂၇၉၄၇ ဦး သေဆုံးခဲ့သည်။

ရာဖာမြို့ရှိ အရပ်သားများကို ကာကွယ်ရန် လိုအပ်ကြောင်းနှင့် ၎င်းတို့အား အတင်းအကျပ် ရွှေ့ပြောင်းရန် ဖိအားမပေးသင့်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖန်နီ ဒူဂျာရစ်က သတိပေး ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်



## ဟေတီနိုင်ငံ၌ မငြိမ်မသက်မှုများကြောင့် ဇန်နဝါရီလအတွင်း သေဆုံး သို့မဟုတ် ဒဏ်ရာရရှိသူ ၁၁၀၀ ကျော်ရှိ

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၀

ဟေတီနိုင်ငံ၏ အဓိကမြို့ကြီးများတွင် မငြိမ်မသက်မှုများ ပြင်းထန်လာခြင်းကြောင့် ယခုနှစ် ဇန်နဝါရီလအတွင်း သေဆုံး သို့မဟုတ် ဒဏ်ရာရ ၁၁၀၀ ကျော်ရှိခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားသည်။

ပေါ်အော်ပရင့်စ်မြို့တော်နှင့် အခြားမြို့ကြီးများတွင် နှစ်နှစ်တာကာလအတွင်း ထိခိုက်သေဆုံးမှုအမြင့်ဆုံးဖြစ်ကြောင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ကုလသမဂ္ဂ လူ့အခွင့်အရေးရုံး၏ ပြောကြားချက်ကို ကိုးကား ဖော်ပြခဲ့သည်။

"မကြာသေးမီရက်များအတွင်းဖြစ်ပေါ်ခဲ့သည့် ဆန္ဒပြပွဲများကြားတွင် လူအသေအပျောက်ရှိသော အကြမ်းဖက်မှုများ ဖြစ်ပွားမှုကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို ကြီးကြီးမားမား အနှောင့်အယှက်ဖြစ်စေခဲ့ပြီး တစ်နိုင်ငံလုံးမှ လူပေါင်း ၃၁၃၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ပြောကြားသည်။

လမ်းပိတ်ဆို့မှုများနှင့် သွားလာရေး ကန့်သတ်ချက်များသည် ကျန်းမာရေးဝန်ထမ်းများအပေါ် သက်ရောက်မှုရှိပြီး မရှိမဖြစ်လိုအပ်သော လူမှုရေးဝန်ဆောင်မှုများရရှိခွင့်ကို ထိခိုက်စေကြောင်း လူသားချင်းစာနာထောက်ထားသူများက ပြောကြားသည်။ ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားနေသောကြောင့် ပေါ်အော်ပရင့်စ်နှင့် အခြားမြို့ပြများရှိ စာသင်ကျောင်းပေါင်း ၁၀၀၀ ကျော် ယာယီပိတ်ထားခဲ့ကြောင်း လူသားချင်းစာနာထောက်ထားမှုအဖွဲ့က ပြောကြားသည်။

ထို့အပြင် နိုင်ငံအတွင်း အကြမ်းဖက်မှုများကြောင့် စားသောက်ကုန်များ၏ ဈေးနှုန်းသည် ၂၅ ရာခိုင်နှုန်းနီးပါး မြင့်တက်လာကြောင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ပြောကြားသည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

## ဖိလစ်ပိုင်၌ မြေပြိုမှုကြောင့် သေဆုံးသူ ၂၇ ဦးအထိ ရှိလာ

မနီလာ ဖေဖော်ဝါရီ ၁၀

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဒါဗောဒီအိုရိုပြည်နယ်ရှိ ကျေးရွာများတွင် ကြီးမားသော မြေပြိုကျမှုဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးသူ ၂၇ ဦးအထိ ရှိလာကြောင်း အာဏာပိုင်များက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

ဖေဖော်ဝါရီ ၆ ရက် ညပိုင်းက မာကိုမြို့ရှိ မိုင်းတွင်းတစ်ခုအနီး ဖြစ်ပွားခဲ့သည့် အဆိုပါမြေပြိုမှုတွင် လူ ၃၁ ဦးအား ကယ်ဆယ်နိုင်ခဲ့ကြောင်း မာကိုမြို့ အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ချက်တွင် ပြောကြားသည်။

လက်ရှိတွင် အနည်းဆုံး လူ ၁၁၀ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း နောက်ဆုံးရ အစီရင်ခံစာတွင် ဖော်ပြထားပြီး ကလေးတစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြခဲ့သော်လည်း အသေးစိတ်အချက်အလက်များကို ထပ်မံဖော်ပြထားခြင်းမရှိပေ။

မြေပြိုမှုဖြစ်ပွားပြီး နှစ်ရက်ကျော်အကြာတွင် အသက်သုံးနှစ်အရွယ် မိန်းကလေးတစ်ဦးနှင့် နှစ်လသားအရွယ် ကလေးငယ်တစ်ဦးတို့ကို ရွှံ့နွံထဲမှ အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း ဖိလစ်ပိုင်ကြက်ခြေနီအသင်းက သတင်းထုတ်ပြန်ခဲ့သည်။

မိုးရွာသွန်းမှုမှတစ်ဆင့်ဖြစ်ပေါ်ခဲ့သော အဆိုပါမြေပြိုမှုကြောင့် အနည်းဆုံး မိသားစု ၁၁၆ စု အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန်–အလင်းသစ်



❖ စာမျက်နှာ ၁၂ မှ

ပြည်သူ့စစ်မဟာဗျူဟာရဲ့သဘောမှာ အမြဲတမ်းတပ်မတော်နဲ့ ပြည်သူတို့အကြား အဆက်အဆက်ဆိုတာပဲဖြစ်ပါတယ်။ ဒါကြောင့်မလို့ ဒီအမြဲတမ်းတပ်မတော်နဲ့ ပြည်သူတို့ရဲ့အကြား အဆက်အဆက်ကို ပြည်သူ့စစ်မှုထမ်းဥပဒေက ပိုပြီးတော့ ခိုင်မာစေမှာ ဖြစ်ပါတယ်။ ပိုပြီးတော့ တည်မြဲစေမှာဖြစ်ပါတယ်။ ဒီလိုမျိုးဆောင်ရွက်တဲ့နေရာမှာ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းအားဖြင့်ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးကျေးဇူးတွေအနေနဲ့က စစ်ကိုဟန့်တားနိုင်တဲ့ စွမ်းရည် Utterance Power ပိုမိုပြီးရရှိလာမှာဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ရှင်းပြရလျှင် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းအားဖြင့် မိမိတို့နိုင်ငံရဲ့ ကာကွယ်ရေးအင်အားနဲ့ မိမိတို့ပြည်သူလူထုရဲ့ကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာ အသိစွမ်းရည်တွေကို ပြသနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုပြသနိုင်ခြင်းအားဖြင့် ပြိုင်ဘက်ရန်သူတွေဟာ ရန်ပြုလိုစိတ်၊ စစ်နဲ့ယှဉ်ပြိုင်လိုစိတ်များ ပျောက်ကွယ်သွားလျှင် ဟန့်တားရေးမဟာဗျူဟာ အောင်မြင်ပါတယ်။ စစ်မဖြစ်ရဘဲ ဟန့်တားရေးမဟာဗျူဟာ အောင်မြင်ခြင်းဖြစ်ပါတယ်။ စစ်ကိုဟန့်တားနိုင်တဲ့ စွမ်းရည်တွေရရှိလာမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီနိုင်ငံတော်လုံခြုံရေးအတွက် ကြိုတင်အခြေအနေတွေ ဖန်တီးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူအားလုံးသည် စစ်မှုထမ်းစနစ်နဲ့ အကျုံးဝင်နေတဲ့အတွက် စစ်ဘက်အရပ်ဘက် ဆက်ဆံရေးလည်း ပိုမိုကောင်းမွန်စေနိုင်မှာဖြစ်ပါတယ်။ ပြီးရင်တော့ အမြဲတမ်းတပ်မတော်ကို အင်အားအကြီးမားဆုံး၊ အခိုင်ခံ့ဆုံးမတည်ဆောက်ဘဲ ပြည်သူအားလုံးပါဝင်တဲ့စနစ်ကို ဖော်ဆောင်မှာ ဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ စီးပွားရေး တည်ဆောက်မှုနဲ့ ကာကွယ်ရေးတည်ဆောက်မှုတို့ကို ဘက်ညီမျှတစေမှာလည်း ဖြစ်ပါတယ်။ ပြီးရင်စစ်သိပ္ပံနဲ့နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိလာမှာဖြစ်ပါတယ်။ ပြီးရင်တော့ နိုင်ငံလုံးဆိုင်ရာ စုစည်းညီညွတ်မှုတွေ ပိုမိုတိုးတက်လာစေမှာဖြစ်ပါတယ်။ ဒီအကျိုးကျေးဇူးတွေရရှိနိုင်မှာဖြစ်တဲ့အပြင် ကျွန်တော်တို့နိုင်ငံရဲ့လိုအပ်နေတဲ့အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးသွေးစည်းညီညွတ်မှု National Sovereignty ဒါတွေလည်း တိုးမြင့်လာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မလို့ ကျွန်တော့်အနေနဲ့ ပြောလိုတာကတော့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာသည် စစ်သားမှာသာ တာဝန်ရှိတာ မဟုတ်ပါဘူး၊ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူလူထုတစ်ရပ်လုံးမှာတာဝန်ရှိပါတယ်။ နိုင်ငံတော်လုံခြုံရေးတာဝန်ဆိုတာသည် အားလုံးမှာတာဝန်ရှိပါတယ်။ ဒါကြောင့်မလို့ ဒီပြဋ္ဌာန်းလိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို အားလုံးက ဂုဏ်ယူဝမ်းမြောက်စွာနဲ့ တာဝန်ထမ်းဆောင်ကြဖို့ ပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

■

**တွဲလက်ခိုင်ကျည် ပေါင်းစုညီ ဒို့ညီနောင်ထု ပြည်ထောင်စု။**

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာ ဖေဖော်ဝါရီ ၇ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီး၊ မြဝတီမြို့မှ မကွေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီး၊ မြဝတီမြို့မှ နေပြည်တော်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် မြဝတီမြို့မှ ဒိုက်ဦးမြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမျိုးသမီးဝတ်အဝတ်အထည် ၃၅၀၊ YoGood Drinking Yogurt ဘူး ၂၂၀၈၀၊ Honey Baby Feeding Bottle ၅၄ ပုလင်း၊ Nestle Milo အထုပ် ၃၆၀၊ Lactasoy ပဲနို့ဘူး ၄၆၂၀၊ Honda ဆိုင်ကယ်ခုနစ်စီးအပါအဝင် ကုန်ပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၄၂၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး၊ Foton View Mini Bus တစ်စီး၊ King Long Mini Bus တစ်စီး၊ Toyota Hiace Mini Bus နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀)ကို လည်းကောင်း၊ ဖေဖော်ဝါရီ ၈ ရက်တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် BOPP Film ကီလိုဂရမ် ၈၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၃၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၃၅၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ခရီးဆောင်အိတ် အလုံး ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၇၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၇၇၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်မျိုးစုံ(အသစ်) ၁၇ မျိုး၊ Kirishima Brilliant ဝီစကီ ၁၁ ပုလင်း၊ အလှကုန်ပစ္စည်း ၁၃ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၆ မျိုး၊ Laptop and Tablet (Used) ၂၂ လုံး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂၉၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၈ ရက်တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့နယ်၌ အခြားသစ် ၂၅ ဒသမ ၃၆၉ တန်နှင့် သစ်စက်အင်ဂျင် တစ်လုံး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၂၈၅၈ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၈၃၉၈၅၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



မကိုင်ဒိန်း(ခ)အားကိုင် အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် VOXY အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါ ခရီးသည် မကိုင်ဒိန်း(ခ)အားကိုင် သယ်ဆောင်လာသော ဘိန်းဖြူ ၁ ဒသမ ၆၅ ကီလိုကို လည်းကောင်း၊

ထို့ပြင် ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၁ နာရီတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာ အနီး၌ လီလို့(ခ)ကျထော် မောင်းနှင်လာသောဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# တနင်္သာရီမြို့ အမက-ချောင်းငယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**တနင်္သာရီ ဖေဖော်ဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီက ချောင်းငယ်အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်နှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

ဦးစွာ ချောင်းငယ်အခြေခံပညာမူလတန်း ကျောင်းအုပ်ဆရာကြီး ဦးအေးသန်းနှင့် ဒုတိယမြို့နယ် ပညာရေးမှူး ဦးအေးစိုးတို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထိန်ဝင်းက (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုအဖြစ် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းနှင့် အမျိုးသားရေးဦးတည်ချက်(၅)ချက်ကိုလည်းကောင်း၊ တနင်္သာရီမြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်အောင်က မူးယစ်ကင်းစင်ကျောင်းတစ်ခွင် ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါးဆိုးကျိုးများအကြောင်းနှင့် မြို့မရဲစခန်းမှ ဒုရဲအုပ်နိုင်လင်းအောင်က ငါးပါးသီလကို ကျူးလွန်သူများအား သီလအလိုက် အပြစ်ပေးအရေးယူမှုနှင့် ဥပဒေများအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**



မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၈ ရက်က ပြည်မြို့နယ် ပေါင်းတလည်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြည်မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိဦးကျော်လင်းစိုးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးသတိမူရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအကြောင်း ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောစဉ်။ ကိုစိုး(ပြည်)



မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ (မြို့မ)ဈေး၌ ဖေဖော်ဝါရီ ၁၀ ရက်တွင် မီးဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုကျော်တို့က ကြည့်ရှုအားပေးစဉ်။ မြို့နယ်(ပြန်/ဆက်)




ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ မြို့မစည်ပင်သာယာဈေး မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးတို့အတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၉ ရက်က မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုး၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။ သူရအောင်(နမ့်စန်)




ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၌ တိုင်းရင်းသားရိုးရာအကများ တင်ဆက်ဖျော်ဖြေခြင်းနှင့် ဈေးရောင်းပွဲတော်အား ဖေဖော်ဝါရီ ၉ ရက်က ကျင်းပရာ တိုင်းရင်းသားရိုးရာအကများဖြင့် တင်ဆက်ဖျော်ဖြေစဉ်။ အေးမဥ္ဇူ(ပြန်/ဆက်)

# ရောဝတီတိုင်းဒေသကြီးမှ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



နေပြည်တော် ဖေဖော်ဝါရီ ၁၀

ဧရာဝတီတိုင်းဒေသကြီးမှ အငြိမ်းစားဝန်ထမ်းဟောင်းများ၊ ကြီးကြပ်သူများနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၄၇ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထား ပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အငြိမ်းစားဝန်ထမ်းဟောင်းများ၊ ကြီးကြပ်သူများနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူများသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူး အငြိမ်းစားဝန်ထမ်းဟောင်းများ၊ ကြီးကြပ်သူများနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

သတင်းစဉ်

## ရွှေပြည်ဟိန်းကျောင်း စက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင် ၂၂၀ အား အခမဲ့စမ်းသပ်စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့၏ စီစဉ်မှုဖြင့် မရမ်းကုန်းမြို့နယ် ရွှေပြည်ဟိန်းကျောင်း စက္ခုဒါနဆေးရုံ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ မျက်စိဝေဒနာရှင် ၂၂၀ ကို



ဖေဖော်ဝါရီ ၈ ရက်၌ အခမဲ့စမ်းသပ်ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့သည်။ စမ်းသပ်ပြီး ဝေဒနာရှင်များထဲမှ မျက်စိခွဲစိတ်ရန် လိုအပ်သော ၄၅ ဦးကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် အခမဲ့ ထပ်မံခွဲစိတ်ပေးသွားမည်ဖြစ်ပြီး ဆေးစား၊ ဆေးခပ်ရန် လိုအပ်သူများအတွက် ဆေးဝါးများပေးခဲ့သည်။

ယခုအပတ်မျက်စိခွဲစိတ်ကုသမှုသည် မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဗဟို၏ ဒုတိယအကြိမ်မြောက်အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့၏ လှူဒါန်းမှုဖြင့် မျက်စိဝေဒနာရှင် ၁၆၃၉၀ အား မျက်စိခွဲစိတ်အလင်းဒါနပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သျှင်ဝင်းသျှင်

## မှော်ဘီမြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ စူဠဘွဲ့နှင်းသဘင် ကျင်းပနိုင်ရေး အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

မှော်ဘီ ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် မြို့နယ်လုံးဆိုင်ရာ စူဠဘွဲ့နှင်းသဘင်ကျင်းပနိုင်ရေး အလှူတော်ငွေများဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးခန်းမ၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် မှော်ဘီမြို့နယ်လုံးဆိုင်ရာ ဓမ္မာစရိယ၊ ပါဠိပထမပြန်၊ နိကာယ်စာမေးပွဲစာအောင်ဆုပေးပွဲ(စူဠဘွဲ့နှင်းသဘင်)တွင် စာအောင်သံဃာတော်များအတွက် မှော်ဘီမြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဦးဃောသိတ ထံသို့ မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စက်မှုဇုန်မှလုပ်ငန်းရှင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများက လှူဒါန်းထားသောအလှူငွေကျပ် ၁၃၅ သိန်း၊ Ruby English Language Centre & Pre-School မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ စုပေါင်းအလှူငွေ ၁၅ သိန်း ငါးထောင် စုစုပေါင်း အလှူငွေကျပ် သိန်း ၁၅၀ ငါးထောင်ကို မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့် အဖွဲ့ဝင်(၂)ဦးဝင်းစိုးတို့က ဆက်ကပ်လှူဒါန်းခဲ့သည်။

ကောင်းမြတ်သူ(မှော်ဘီ)

**ညီညွတ်မှုဖြင့် ရှေ့သို့ချီ ပြည်ထောင်စုရဲ့ပန်းတိုင်ဆီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၀ | ၂၇၃၀ | ၂၇၅၅ | ၂၇၄၀ | ၂၇၀၅ | ၂၈၀၅ | ၂၈၃၀ | ၂၇၂၀ | ၂၇၃၀ | ၂၇၇၀ | ၂၇၇၀ | ၂၇၇၀ | ၃၀၀၀ | ၃၁၅၀ |
| 95 Ron | ၂၈၀၅ | ၂၈၅၅ | ၂၈၅၀ | ၂၈၀၅ | ၂၈၅၀ | ၂၈၇၅ | ၂၈၆၀ | ၂၈၄၀ | ၂၉၃၅ | ၂၉၅၀ | ၂၈၄၅ | ၂၈၆၀ | ၂၈၉၀ | ၂၈၉၀ | ၂၈၉၅ | ၃၁၂၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၂၅ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၀ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၀ | ၂၈၄၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၅၇၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၂၀ | ၂၆၄၀ | ၂၆၄၀ | ၂၆၀၅ | ၂၇၂၅ | ၂၇၂၀ | ၂၆၁၀ | ၂၆၂၅ | ၂၆၅၅ | ၂၆၆၀ | ၂၆၆၀ | ၂၈၉၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၅၈၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၀ | ၂၆၅၅ | ၂၆၅၀ | ၂၆၁၅ | ၂၇၃၅ | ၂၇၃၀ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၇၅ | ၂၉၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၉ | ၂၆၄၄ |
| 95 Ron | ၂၆၇၇ | ၂၇၆၄ |
| HSD (500 ppm) | ၂၄၀၄ | ၂၄၈၂ |
| HSD (50 ppm) | ၂၄၅၁ | ၂၅၃၀ |
| HSD (10 ppm) | ၂၄၆၄ | ၂၅၄၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အင်းစိန်မြို့နယ်၌ အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များဆိုင်ရာ အသိပညာပေးဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ သင်ထောက်ကူမော်တော်ယာဉ်ဖြင့် အလုပ်သမားများ၏ ဥပဒေပါ ရပိုင်ခွင့်များဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် ရွှေပြည်သာစက်မှုဇုန်(၃)ရှိ Yangon Crown Co.,Ltd. (ဝိုင်ယာကြိုးစက်ရုံ)နှင့် ရွှေပြည်သာစက်မှုဇုန်(၄)ရှိ Zhongrun Myanmar Garment Co.,Ltd. (ကျိုရစ်မြန်မာအထည်ချုပ်စက်ရုံ)တို့တွင် ကျင်းပသည်။

စက်ရုံများရှိ အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲတွင် အလုပ်သမားဝန်ကြီးဌာန အင်းစိန်ခရိုင်အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်၊ ဦးစီးအရာရှိ ဦးဝင်းသူနှင့် ဒေါ်သိမ့်သိမ့်စိုးတို့က အလုပ်ရှင်နှင့် အလုပ်သမားများအား အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များဖြစ်သော အလုပ်ချိန်၊ နားချိန်၊ နားရက်၊ အချိန်ပို၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ လုပ်ခလစာ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာတို့ကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ပြီး စက်ရုံများရှိ အလုပ်သမားများအား အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# ကောလင်းမြို့အတွင်း ဝင်ရောက်နေရာယူ၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား တိုက်ခိုက်ချေမှုန်း၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အင်အားအလုံးအရင်းဖြင့်ဝင်ရောက်၍ မြို့လုံခြုံရေးထုတ်နုတ်အဖွဲ့နှင့် မြို့နယ်အဆင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတို့အား တိုက်ခိုက်ခဲ့ပြီး မြို့နှင့် အနီးပတ်ဝန်းကျင်တွင် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူနေအိမ်များနှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများရပ်တန့်စေရန် ဌာနဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်း၊ နေရပ်စွန့်ခွာသူ ဒေသခံများ၏နေအိမ်များသို့ ဖောက်ထွင်းဝင်ရောက်၍ ပစ္စည်းများယူဆောင်ခြင်း၊ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက် အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ကောလင်းမြို့အား စစ်ကိုင်းတိုင်းဒေသကြီး၏ တောင်ဘက်နှင့် မြောက်ဘက် ဆက်သွယ်မှုအရ အရေးကြီးသောမြို့ဖြစ်ခြင်း၊ ကောလင်းမြို့အနီးရှိ သဖန်းဆိပ်ဆည်ပတ်ဝန်းကျင်တွင် တရားမဝင်လုပ်ကိုင်လျက်ရှိသည့် ရွှေလုပ်ကွက်နှင့် ရေနံလုပ်ကွက်များကို ထိန်းချုပ်နိုင်သည့် နေရာဖြစ်ခြင်းတို့ကြောင့် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ကောလင်းမြို့သို့ အကြမ်းဖက်သမားများ ဝင်ရောက်တိုက်ခိုက် အကြမ်းဖက်လုပ်ရပ်ကျူးလွန်မှုအပေါ် နီးစပ်ရာ တပ်ရင်း၊ တပ်ဖွဲ့ရှိ တပ်မတော်သားများနှင့် လှုပ်ရှားစစ်ကြောင်း တစ်ကြောင်းက တန်ပြန်ချေမှုန်းရေး ဆောင်ရွက်ခဲ့သော်လည်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် ထီးချိုင့်မြို့အား အကြမ်းဖက်သမားများ၏လက်အောက်သို့ မကျရောက်ရေးအတွက်လည်း အင်အားဖြန့်ခွဲ၍ စစ်ကူပစ်ကူပေးခဲ့ရခြင်းကြောင့် ကောလင်းမြို့အား တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့များက သင့်တင့်သောအင်အား အသုံးပြု၍ ဝိုင်းပတ်ပိတ်ဆို့ထားရှိခဲ့သည်။

တစ်ချိန်တည်းတွင် ကောလင်းမြို့ခံ ဝန်ထမ်းများ၊ အရပ်သားများအနေဖြင့် အကြောင်းမဲ့ နေရပ်စွန့်ခွာထွက်ပြေးရမှု၊ အနိုင်ကျင့်ခံရမှုအပေါ် တုံ့ပြန်နိုင်ရေးနှင့် နှိပ်စက်မှုများကို လက်မခံနိုင်သည့် ကျေးရွာများမှ လူငယ်များ၊ လူလတ်ပိုင်းများအနေဖြင့်လည်း ဝန်းသို၊ ကန့်ဘလူမြို့နယ်ရှိ နီးစပ်ရာတပ်ဌာနချုပ်များမှ လှုပ်ရှားလုံခြုံရေးအဖွဲ့နှင့် ပူးပေါင်း၍ မြို့၊ ရွာကာကွယ်ရေးအတွက် ကူညီဆောင်ရွက်ပေးရန် တောင်းဆိုမှုများအရ စာမျက်နှာ ၁၇ သို့ ■





ကောလင်းမြို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ထိန်းချုပ်ထားနိုင်မှုအား တွေ့မြင်ရစဉ်။





KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကောလင်းမြို့အဝင်လမ်းအား ပိတ်ဆို့ထားပုံနှင့် ဈေးဆိုင်များအား ဘန်ကာဆောက်လုပ်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဘန်ကာများ ဆောက်လုပ်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။



KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဈေးဆိုင်များ၊ လူနေအဆောက်အအုံများအား ဖျက်ဆီးထားရှိမှု မှတ်တမ်းဓာတ်ပုံ။





KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အုပ်ချုပ်မှုအဆောက်အအုံများအား မီးရှို့ဖျက်ဆီးထားရှိမှု မှတ်တမ်းဓာတ်ပုံ။



KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လူနေအဆောက်အအုံများအား မီးရှို့ဖျက်ဆီးထားရှိမှု မှတ်တမ်းဓာတ်ပုံ။



KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အဆောက်အအုံများနှင့် ယာဉ်များအား မီးရှို့ဖျက်ဆီးထားရှိမှု မှတ်တမ်းဓာတ်ပုံ။



KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အဆောက်အအုံများအား မီးရှို့ဖျက်ဆီးထားရှိမှု မှတ်တမ်းဓာတ်ပုံ။



KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့မှူးရုံးနှင့် ယာဉ်များအား မီးရှို့ဖျက်ဆီးထားရှိမှု မှတ်တမ်းဓာတ်ပုံ။

# ပြင်ဦးလွင်မြို့နယ်အတွင်း လုံခြုံရေးတာဝန်များထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုထောက်ခံအားပေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ မြို့/ရွာများနှင့် နိုင်ငံတော်ပိုင်အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ ၎င်းတို့အား မထောက်ခံသည့်ဒေသခံပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လမ်း/ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

**တိုက်ခိုက်ချေမှုန်းလျက်ရှိ**

ထိုသို့လုပ်ဆောင်နေသည့် လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများအေးချမ်းသာယာစွာ နေထိုင်နိုင်ရေးအတွက် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်ဖြင့် တိုက်ခိုက်ချေမှုန်းလျက်ရှိပြီး နယ်မြေလုံခြုံရေးတာဝန်များကို နေ့ညမပြတ် ထမ်းဆောင်လျက်ရှိသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွားဘဝကို ကာကွယ်စောင့်ရှောက်နေပြီး လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြင်ဦးလွင်မြို့၌ သံဃာတော်များ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများက အောင်သပြေပန်းများ၊ ပန်းကုံးများ၊ အိုးစည်ဒိုးပတ်များဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုထောက်ခံအားပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း နယ်မြေတည်ငြိမ်အေးချမ်းရေးကို အမြန်ဆုံးရရှိအောင် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter Terrorism Operation)ကို ဂျီနီဗာကွန်ဗင်းရှင်း (၄) ရပ်ကို အခြေခံသော လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ (Law of Armed Conflict) ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ထားရှိသည့် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်း (Rules of Engagement–ROE) အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Daw Ei" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်နေ ဖြိုးအိစံကို နံနက် ၁၁ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Kyaw Soe Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက်နေ ကျော်စိုးဦးကို မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းများ၌ တရားဥပဒေနှင့် အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ကန့်ဘလူမြို့နယ်သို့ ရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုစဉ်။

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှူးရုံးနှင့် ယာဉ်များအား မီးရှို့ဖျက်ဆီးထားရှိမှု မှတ်တမ်းဓာတ်ပုံ။



■ စာမျက်နှာ ၁၆ မှ

ရပ်ရွာလုံခြုံရေး၊ မြို့ရွာကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ တပ်မတော်ကလည်း လိုအပ်သည့် စစ်ကူ၊ ပစ်ကူအင်အားများ ဖြည့်တင်းခြင်းအား ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်မှ ၂၀၂၄ ဇန်နဝါရီ တတိယပတ်အထိ လည်းကောင်း ပြင်ဆင်လေ့ကျင့်ခြင်းနှင့် လိုအပ်သည့်စုဖွဲ့မှုများကိုဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ အင်အားစုဖွဲ့ပြီးနောက် တပ်မတော်စစ်ကူစစ်ကြောင်းများအနေဖြင့် ကောလင်းမြို့အတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအား အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter– Terrorism Operation) ဆောင်ရွက်ရန်အတွက် ဇန်နဝါရီ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့သို့ ရောက်ရှိကြရာ မြို့မိ၊ မြို့ဖများ၊ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုအားပေးခဲ့ကြသည်။ ထိုမှတစ်ဆင့် တပ်မတော်စစ်ကြောင်းများသည် ကောလင်းနယ်မြေအတွင်းသို့ စနစ်တကျဖြင့် အဆင့်ဆင့်ခြေကုပ်ယူ၍ လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများဖြင့် ချီတက်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲ ၁၈ ကြိမ်ဖြစ်ပွားခဲ့ပြီး ကောလင်းမြို့အား ယနေ့တွင် အပြီးတိုင် ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ကောလင်းမြို့အတွင်းသို့ ရောက်ရှိနေစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လူနေအိမ်များတွင် တာယာကွင်းများ၊ သဲအိတ်များစီ၍ ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ်အဆောက်အအုံများအကြားနှင့် အများပြည်သူသွားလာအသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်းများ၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement–ROE)နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စနစ်တကျစုဖွဲ့၍ ချီတက်တိုက်ခိုက်ချေမှုန်းခဲ့မှုများကြောင့် အကြမ်းဖက်သမားများသည် လူနေအိမ်များနှင့် ဌာနဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိတွေ့မှုများဖြစ်ပွားစဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး အကြမ်းဖက်သမားများထံမှ လက်နက်ကြီး၊ လက်နက်ငယ်များ၊ ခဲယမ်း၊ ဗုံးသီးများ၊ အကြမ်းဖက်သမားရုပ်အလောင်းအချို့နှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့ခြင်းကြောင့် မြို့တွင်းရှိ အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ၎င်းတို့ထောင်ထားခဲ့သည့် မိုင်းများကြောင့် အများပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို နေရာအလိုက်၊ လမ်းများအလိုက် စနစ်တကျ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကောလင်းမြို့မှ နေရပ်စွန့်ခွာဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးနှင့် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်း စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံး ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မူပိုင်ခွင့်နည်းဥပဒေများ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခြင်း

နိုင်ငံတော်အား ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် ခိုင်မာတောင့်တင်းသော မူပိုင်ခွင့်စနစ်တည်ရှိနေခြင်းသည် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာစေရေးမှာ များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားမှုသည်လည်း ကဏ္ဍအလိုက် ဆန်းသစ်တီထွင်ဖန်တီးနိုင်မှု၊ နိုင်ငံတွင်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်စီးဆင်းမှုများပြားလာမှု စသည့်အချက်များအပေါ်တွင် မူတည်လျက်ရှိပါသည်။ ၎င်းကဏ္ဍများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးမြင့်မားလာစေရန်အတွက် မူပိုင်ခွင့်သည် မရှိမဖြစ်လိုအပ်သည့် အချက်တစ်ခုအဖြစ်ပါဝင်ပါသည်။

**မူပိုင်ခွင့်ဦးစီးဌာန (မူဝါဒနှင့်စီမံကိန်းဌာနခွဲ)**

> "နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားမှုသည်လည်း ကဏ္ဍအလိုက်ဆန်းသစ် တီထွင်ဖန်တီးနိုင်မှု၊ နိုင်ငံတွင်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမှု၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်စီးဆင်းမှုများပြားလာမှုစသည့် အချက်များအပေါ်တွင် မူတည်လျက်ရှိပါသည်။ ၎င်းကဏ္ဍများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးမြင့်မားလာစေရန် အတွက် မူပိုင်ခွင့်သည် မရှိမဖြစ်လိုအပ်သည့် အချက်တစ်ခုအဖြစ်ပါဝင်"

## မူပိုင်ခွင့် ဥပဒေ (၄) ရပ်ကို ပြဋ္ဌာန်း

အထူးသဖြင့် တစ်ကမ္ဘာလုံးပေါင်းစည်းဖြစ်ပေါ်မှုဖြစ်စဉ် (globalization) လျင်မြန်စွာဖြစ်ပေါ်လျက်ရှိခြင်းကြောင့် နိုင်ငံခြားကုန်သွယ်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် မူပိုင်ခွင့်ကိစ္စများသည် ပိုမိုကျယ်ပြန့်လာခဲ့ပြီး အထူးအရေးပါလာသည့်အတွက် မြန်မာနိုင်ငံတွင် မူပိုင်ခွင့်စနစ်တစ်ခု ပေါ်ထွန်းလာစေရန် ၂၀၁၉ ခုနှစ်က နိုင်ငံတကာနှင့် ကိုက်ညီသည့် မူပိုင်ခွင့် ဥပဒေ (၄) ရပ်ကို ပြဋ္ဌာန်းခဲ့ပါသည်။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ (Trademark Law)၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ (Industrial Design Law)၊ စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေ (Copyright Law) နှင့် တီထွင်မှု မူပိုင်ခွင့်ဥပဒေ (Patent Law) တို့ဖြစ်ပါသည်။

အတည်ပြုပြဋ္ဌာန်းခဲ့သော မူပိုင်ခွင့်ဥပဒေများ အရ တာဝန်ခံဝန်ကြီးဌာနအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ပေးအပ်ခဲ့သည့်အတွက် ဥပဒေများ အာဏာတည်ရေးနှင့် အကောင်အထည်ဖော်နိုင်ရေးလုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

၂၀၁၉ ခုနှစ်က အတည်ပြုပြဋ္ဌာန်းခဲ့သော မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော်ရန်အတွက် မူပိုင်ခွင့်နည်းဥပဒေ လေးခုနှင့် မူပိုင်ခွင့်နှင့် ဆက်နွှယ်သည့် အခြားနည်းဥပဒေ သုံးခုကိုလည်း ရေးဆွဲလျက်ရှိပါသည်။ အဆိုပါနည်းဥပဒေများ အနက် အတည်ပြုထုတ်ပြန်ပြီးသည့် နည်းဥပဒေများမှာ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေကို ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၃)ဖြင့်လည်းကောင်း၊ စက်မှုဒီဇိုင်း မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၃) ဖြင့်လည်းကောင်း၊ စာပေနှင့် အနုပညာ မူပိုင်ခွင့်ဆိုင်ရာလက်ရာများ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၃) ဖြင့်လည်းကောင်း ထုတ်ပြန်ပြီးဖြစ်ပါသည်။ တီထွင်မှု မူပိုင်ခွင့်နည်းဥပဒေကို ထုတ်ပြန်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။


## အခြားနည်းဥပဒေ သုံးခုကိုလည်း ရေးဆွဲလျက်ရှိ

မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့် အခြားနည်းဥပဒေ သုံးခုကိုလည်း ရေးဆွဲလျက်ရှိပါသည်။ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ နည်းဥပဒေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ (CMO)၊ ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေတို့ဖြစ်ပါသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတွင် လိုအပ်သည့် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ခြင်းဖြင့်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိနိုင်ခြင်း၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာများကို လွှဲပြောင်းရယူနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်လာနိုင်ခြင်း၊ တီထွင်ဖန်တီးသူနှင့် သုံးစွဲသူများအကြား အကျိုးအမြတ်ကို မျှတစွာခွဲဝေခံစားစေခြင်းဖြင့် စာပေအနုပညာနှင့် စက်မှုကဏ္ဍများတွင် တီထွင်ဆန်းသစ်မှုများ ပေါ်ထွန်းလာနိုင်ခြင်းကြောင့် လူနေမှုအဆင့်အတန်းမြင့်မားလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်မည်ဖြစ်ပါသည်။ ။



ဖေဖော်ဝါရီ ၈ ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များ မိတ္ထီလာမြို့ မြို့မရပ်ကွက်ရှိ စိန့်အန်ထော်နီကက်သလစ်ဘုရားကျောင်း၌ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ဆောင်ရွက်ထားရှိမှုများကို လိုက်လံစစ်ဆေးစဉ်။ ခရိုင်မီးသတ်



ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးလင်းကျော်နှင့် တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၇ ရက်က ရပ်ကွက်နှင့် ကျေးရွာများသို့ လှည့်လည်၍ မီးသတိပြုရေး ဆော်သြစဉ်။ အောင်ဆင့်

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များနိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် အရာထမ်းရာထူးများအတွက် ရေးဖြေစာမေးပွဲ ကျင်းပဖြေဆိုမှုများ လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ် ၆/၂၀၂၃နှင့် ၇/၂၀၂၃ ပါ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၂၂ ခုရှိ ပြန်တမ်းဝင် အရာရှိအဆင့် စတင်ခန့်လစ်လပ်ရာထူး ၄၇၂ နေရာ ရွေးချယ်ပေးရန် ရေးဖြေစာမေးပွဲကို ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မကွေးမြို့နှင့် မော်လမြိုင်မြို့များရှိ စာစစ်ဌာန ငါးခု၌ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် တစ်ပြိုင်တည်း ကျင်းပလျက်ရှိသည်။



အဆိုပါ ရေးဖြေစာမေးပွဲ ကျင်းပနေမှုများကို ယနေ့တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်သည် မန္တလေး တိုင်းဒေသကြီး မန္တလေးမြို့ အမှတ်(၁၂)အခြေခံပညာ အထက်တန်းကျောင်းရှိ မန္တလေးစာစစ်ဌာနသို့လည်းကောင်း၊ အဖွဲ့ဝင် ဦးရဲနိုင်သည် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၁)နှင့်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ရန်ကုန်စာစစ်ဌာနသို့လည်းကောင်း၊ အဖွဲ့ဝင် ဦးစိုးတင့်သည် နေပြည်တော် အမှတ်(၃)နှင့် (၁၁) အခြေခံပညာအထက်တန်းကျောင်းရှိ နေပြည်တော် စာစစ်ဌာနသို့ လည်းကောင်း၊ အဖွဲ့ဝင် သူရဦးဘိုနီသည် မကွေး တိုင်းဒေသကြီး မကွေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ မကွေးစာစစ်ဌာနသို့ လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးအောင်တင်စိုးသည် မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းရှိ မွန်စာစစ်ဌာနသို့ လည်းကောင်း ရေးဖြေစာမေးပွဲ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုကြပြီး အားပေးစကားပြောကြားခဲ့ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အနေဖြင့် ဝန်ကြီးဌာနနှင့်အဖွဲ့ အစည်းများအတွက် လိုအပ်သည့် အရည်အသွေး ပြည့်ဝသော ပြန်တမ်းဝင်အဆင့် စတင်ခန့် အရာထမ်းရာထူးများကို စနစ်တကျ ရွေးချယ်ပေးလျက်ရှိရာတွင် ဘွဲ့ရပညာတတ် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေး၊ အရည်အချင်းကို အခြေခံ၍ လူမှန်၊ နေရာမှန်ခန့်အပ်နိုင်ရေးအတွက် ရွေးချယ်ရေး လုပ်ငန်းစဉ်များကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခုကျင်းပသော ရေးဖြေစာမေးပွဲသို့ နိုင်ငံတစ်ဝန်းမှ လာရောက်ဖြေဆိုကြသူ စုစုပေါင်း ၁၉၈၇ ဦးရှိကြောင်းသိရသည်။

သတင်းစဉ်

**ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းသည် ခွန်အား ပြည်ထောင်စု၏ နှလုံးသား**

## ဗဟန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀



မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ရန်ကုန်တိုင်းဒေသကြီးက ကြီးမှူးပြုလုပ်သည့် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၈ ရက်က ဗဟန်းမြို့နယ် လူထုအခြေပြု ဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးဆန်းဝင်းက ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ၏ စဉ်ဆက်မပြတ်လုပ်ငန်းဆောင်ရွက်နေမှုများ၊ ခေတ်နှင့်အညီ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှု အခြေအနေနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ၊ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဦး (ဟိန်းလတ်)က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးနွဲ့မြင့်သိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များ၏ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စာအုပ်လှူဒါန်းမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စာကြည့်တိုက်များသို့ စာအုပ်များပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာစာကြည့်တိုက်တာဝန်ခံများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ်ကိုကျင်းပရာ စာဖတ်ရှိန်မြှင့်တင်ခြင်းနှင့် စာတမ်းဖတ်ပွဲများကို စာတမ်းရှင် သုံးဦးက ဖတ်ကြားပြီး ဆုရစာတမ်းရှင်များကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဌာနဆိုင်ရာပေါင်းစုံ အမျိုးသားဘောလုံး(ဂိုးလတ်)ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



ကျောင်းကုန်း ဖေဖော်ဝါရီ ၁၀

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဌာနဆိုင်ရာပေါင်းစုံ အမျိုးသားဘောလုံး(ဂိုးလတ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မြို့မအားကစားကွင်း၌ ဖေဖော်ဝါရီ ၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အမှာစကားပြောကြားခဲ့သည်။

ဖွင့်ပွဲတွင် စည်ပင်အသင်းနှင့် ကျန်းမာရေးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဌာနပေါင်းစုံအမျိုးသားဘောလုံး(ဂိုးလတ်)ပြိုင်ပွဲ၌ အသင်း ရှစ်သင်းအား အုပ်စုနှစ်ခုခွဲကာ ပတ်လည်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)

## သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ်၌ ကာယအလှမယ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ်၌ ဖေဖော်ဝါရီ ၆ ရက်က (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကာယအလှမယ်ပြိုင်ပွဲ အခမ်းအနားကို ကျင်းပခဲ့ရာ သင်္ဃန်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးနှင့် အဖွဲ့ဝင်များ၊ ဆရာအတတ်ပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင်အလှမယ်များ၊ သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာ ငြိမ်းသီအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**ပေးအပ်**

ယင်းနောက် သက်ဆိုင်ရာတာဝန်ရှိသူများက ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်အလှမယ်များအား ဂုဏ်ပြုဆုများကို လည်းကောင်း၊ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများ ရရှိခဲ့ကြသော ပြိုင်ပွဲဝင်အလှမယ်များအား ထူးချွန်ဆုများကို လည်းကောင်း၊ အကဲဖြတ်ဒိုင်များအား လက်ဆောင်ပစ္စည်းများကို လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အိမ်ခြေလေးဆယ်ကျေးရွာ ပဲတီစိမ်းစိုက်ခင်း စံကွက်ရိတ်သိမ်းနေမှု ကွင်းဆင်းကြည့်ရှု

ဒိုက်ဦး ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာ ကွင်းအမှတ်(၄၁၆)ရှိ တောင်သူ ဦးလှသိန်း၏ ပဲတီစိမ်း(ဩဇီမျိုး)ကေ ၂၀ စိုက်ခင်း စံကွက်အား ဖေဖော်ဝါရီ ၈ ရက်နံနက်ပိုင်းက ရိတ်သိမ်းရာ တစ်ဧကလျှင် ပျမ်းမျှ ၃၂ ဒသမ ၆၅ တင်း ထွက်ရှိသည်။

အဆိုပါ ပဲတီစိမ်းခူးဆွတ်ရာသို့ ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခရိုင်စိုက်ပျိုးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ ဒိုက်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးကြီးကြပ်မှုအဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)



## ကမာရွတ်မြို့နယ်အတွင်း တရားမဝင် ဓာတ်အားသုံးစွဲမှုများ ပပျောက်ရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်အတွင်း တရားမဝင် ဓာတ်အားသုံးစွဲခြင်းများ မရှိစေရေးအတွက် အိမ်သုံးမီတာ၊ အိမ်သုံးပါဝါမီတာများ စစ်ဆေးခြင်းအား ဖေဖော်ဝါရီ ၇ ရက်တွင် အမှတ်(၂)ရပ်ကွက် ရန်ကုန်အင်းစိန်လမ်းတစ်လျှောက်စစ်ဆေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ စုဖွဲ့အင်အားဖြင့် မြို့နယ်လက်ထောက်မန်နေဂျာ(အင်ဂျင်နီယာ)ဦးဆောင်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❑ ကျောဖုံးမှ

၂၀၂၃ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း ပထမဆုံးသွင်းဂိုးအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းအနေနဲ့ အဲဗာတန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဖီဖာကလပ်အသင်းများ ကမ္ဘာ့ဖလား၊ အက်ဖ်အေဖလားပြိုင်ပွဲတွေ အပါအဝင် ပြိုင်ပွဲစုံ ၁၀ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

ငွေကြယ်

❂ မြန်မာ့လက်ရွေးစင်မှ

မြန်မာအသင်းသည် အရှေ့ဂျာဗားအသင်းနှင့် သရေကျပြီး အင်ဒိုနီးရှား ဖူဆယ်လိဂ် ချန်ပီယံ Bintang Timur FC အသင်းကို နှစ်ပွဲစလုံး အရေးနိမ့်ခဲ့သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MFF


**မိခင်အမည်မှန်**

မွန်ပြည်နယ်၊ မုဒုံမြို့နယ် အ.ထ.က( ခွဲ) နိုင်လှူံ Grade 9 မှ မောင်ဇင်မင်းထိုက်၏ မိခင်အမည်မှန်မှာ ဒေါ်ညိမ်းတင် (၁၀/မဒန(နိုင်)၂၉၅၃၀၆) ဖြစ်ပါကြောင်း။

ဒေါ်ညိမ်းတင်

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်**
**မူးယစ်ဆေး**

**"အများသိစေရန်ကြေညာခြင်း"**

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ အနော်ရထာလမ်းမ၊ အမှတ်(၁၁၆) (၄-လွှာ)နေ **ဒေါ်တင်တင်အေး [၁၂/ကတတ(နိုင်)၀၀၀၄၁၁]**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်တင်တင်အေး**သည် အိမ်ထောင်ကျသည့်အချိန်မှစ၍ မိဘ၊ ညီအစ်ကို မောင်နှမများနှင့် အတူနေထိုင်ခြင်းမရှိဘဲ သီးခြားအိုးအိမ်ခွဲကာ နေထိုင်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် **ဒေါ်ခင်ခင်ညွန့် [၁၂/ကတတ(နိုင်)၀၁၃၅၂၇]၊ ဦးတင်မောင်လှ [၁၂/ကတတ(နိုင်)၀၀၂၄၈၆]၊ ဒေါ်တင်တင်လှ [၁၂/ကတတ(နိုင်)၀၀၂၄၈၇]၊ ဒေါ်တင်တင်မူ [၁၂/ကတတ(နိုင်)၀၂၆၅၄၇]၊ ဒေါ်တင်တင်ဖြူ [၁၂/ကတတ(နိုင်)၀၂၈၇၈၈]၊ ဒေါ်တင်တင်ဝေ[၁၂/ကတတ(နိုင်)၀၂၈၇၈၉]**တို့၏ လူမှုရေး၊ စီးပွားရေး အစရှိသည့်ကိစ္စအရပ်ရပ်များသည် ကျွန်ုပ်မိတ်ဆွေနှင့် လုံးဝ(လုံး၀)သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ၎င်းတို့နှင့် ပတ်သက်သောကိစ္စရပ်များကို ကျွန်ုပ်တို့၏မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ၎င်းတို့နှင့်ပတ်သက်သောကိစ္စရပ်များနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အရေးဆိုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နှင်းသီတာဖြိုး (LL.B)** **ဦးထွန်းသူအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၇၂၀)** **အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)**
**အမှတ်- ၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၇၈၀၀၅၄၀၆၀၊ ၀၉-၅၀၈၈၆၀၅**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ဥတ္တရသီရိအလယ်ရပ်၊ မြေရေိယာ(၀.၂၄၃)ကေ၊ မြေကွက်အမှတ်(ဠ-၅၄၆၁)၊ ဦးကြည်လင်းဟန်(ဘ)ဦးဟန်မောင် အမည်ပေါက်၊ နှစ်(၃၀)မြေငှားစာချုပ်ကို ဦးပြည့်စုံအောင်ဝင်း[၁၂/စခန(နိုင်)၀၇၁၈၂၉](ဘ) ဦးအောင်ဝင်းဦး မှ နေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူး/ကိုယ်စားလှယ်လွှဲစာအမှတ်-၁၃၀၃/၂၀၂၃(၁၅-၅-၂၀၂၃)တင်ပြ၍ ဒေါ်သန်းသန်းဝင်း(ခ) စန်းစန်းထွန်း [၁၂/ရကန(နိုင်)၀၇၅၃၆၂] (ဘ)ဦးတက်ထွန်း အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ်-၉၇၅၊ မြေကွက်တည်နေရာအမှတ်-၉၇၅၊ စွယ်တော်လမ်း၊ ၄၁-ရပ်ကွက်၊ ဒဂုံမြောက်(ဦးနေဒွန်း-AB-၀၆၃၀၅၇)အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဦးနေဒွန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ခေမာဝေ[၁၂/သဃက(နိုင်)၀၁၂၇၃၈](ဇနီး)မှ ခင်ပွန်းဖြစ်သူတွင် မိမိတစ်ဦးတည်းသာ တရားဝင်ဇနီးတော်စပ်ကြောင်း အခြားဇနီး၊ မယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကျန်ရစ်သူမိမိတစ်ဦးတည်းကသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်/ကတ်တို့တင်ပြပြီး ဒေါ်ခေမာဝေမှပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၂)၊ မြေကွက်အမှတ်(၂/၅၆/က)၊ အနော်ရထာလမ်း၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်နွဲ့နွဲ့ရီ[၃/ကကရ(နိုင်)၀၇၃၂၇၂] အမည်ပေါက်တည်ရှိပြီး အဆိုပါ မြေကွက်နှင့် ပတ်သက်၍ အကျိုးခံစားခွင့် အရပ်ရပ်အား ၎င်းထံမှ ယခုရောင်းချသူ ဒေါ်နွယ်နွယ်အေး[၁၂/ကမရ(နိုင်)၀၂၁၉၀၆]မှ စာချုပ်ချုပ်ဆို၍ မိမိတရားဝင် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကိုပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိမ့်ဖြူနိုင်(LL.B,D.B.L,DML) တရားလွှတ်တော်ရှေ့နေ(စဉ်–၉၈၇၇)**
**တိုက်(အေ–၂)၊ အခန်း(၀၀၃)၊ မြေညီ၊ ချယ်ရီ(၁)လမ်း၊**
**ဒဂုံတက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဒဂုံအရှေ့မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၆၄၅၀၅၄၈၂၊ ၀၉–၅၅၀၅၄၈၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ အိမ်အမှတ်(၈၇)၊ ဒေါက်တာစီကား အမည်ပေါက် ဦးပိုင်အမှတ် –၁၄၊ ဧရိယာ ဧက ၀.၈၂၆ အနက်မှ မြေပုံတွင်(I)အမှတ်ပြထားသော ဧရိယာဧက( ဒသမ ၀၄၂)၏ မြေကွက်အနောက်ဘက်ခြမ်းရှိ (အလျား ၃၁ပေ x အနံ ၂၉ပေ) အကျယ်အဝန်းရှိ မြေနှင့်မြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိသော ဒေါ်ရီရီသန်း[၁၂/လမန(နိုင်)၀၅၁၄၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယောမယ်ရီ(LL.B, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၃၄၄)**
**ဖုန်း–၀၉– ၄၂၁၀၂၉၀၈၇**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်(၆၈၈)၊ မြေညီဟောင်ကောင်နှစ်ထပ်တိုက်နေ ဦးရာဇာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် (၂၁-၉-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၃၀)တွင် အများသိစေရန် ကြေညာခြင်းခေါင်းစဉ်ဖြင့် ထည့်သွင်းထားသည့် ကျွန်ုပ်မိတ်ဆွေ ဝယ်ယူပိုင်ဆိုင်မောင်းနှင်နေသည့် ယာဉ်အမှတ် (FF–4092, Toyota Fielder) ခဲရောင်၏ ပိုင်ဆိုင်မှုစာအုပ်မူရင်းနှင့် ကားအရောင်းအဝယ်စာချုပ်မူရင်းကို ပြန်လည်အပ်နှံပေးပါရန် ကြေညာထားရှိသော်လည်း ယနေ့အချိန်အထိ အပ်နှံထားခြင်းမရှိသည့်အတွက် ယုံကြည်၍ အပ်နှံထားသူနှင့် ကျွန်ုပ်မိတ်ဆွေသည် အမှုဖြစ်ပွားနေသောကြောင့်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေအငှားယာဉ်၏ ပိုင်ဆိုင်မှုစာအုပ်ကို အမည်ပြောင်းလဲထားသည်ဟု သိရှိရသောကြောင့်လည်းကောင်း၊ ယင်းအငှားယာဉ်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်းမရှိကြောင်းနှင့် အထက်ဖော်ပြပါ အငှားမော်တော်ယာဉ်မှာ ကျွန်ုပ်မိတ်ဆွေ ဝယ်ယူပိုင်ဆိုင်ထားသည့်အချိန်မှစ၍ ယနေ့အချိန်အထိ ကျွန်ုပ်မိတ်ဆွေကိုယ်တိုင်မောင်းနှင်နေသော အငှားယာဉ်ဖြစ်ကြောင်းကို အများသိစေရန်နှင့် အဆိုပါကားကို ကျွန်ုပ်မိတ်ဆွေ သိရှိခြင်းမရှိဘဲ ရောင်းဝယ်ခြင်းမပြုရန်နှင့် ပြုလုပ်ခဲ့ပါက မိမိတို့၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဖြူဖွေးသန့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၅၀၄၀၁)**
**အမှတ်(၂၈/၃၀)၊ ရွာမကျောင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၂၅၀၁၅၀၇၄၃**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် (၆၈၈)၊ မြေညီဟောင်ကောင်နှစ်ထပ်တိုက်နေ ဦးရာဇာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်(၆၈၈)၊ မြေညီဟောင်ကောင်နှစ်ထပ်တိုက်ခန်းကို ကျွန်ုပ်မိတ်ဆွေ၏ မွေးစားဖခင်ဖြစ်သူ ဦးမောင်မောင်(ကွယ်လွန်)မှ ( ၃၁–၁၀–၁၉၈၉)ရက်နေ့တွင် ဦးမောင်မောင်၏ ဇနီးဖြစ်သူ ဒေါ်မြမြထံမှဝယ်ယူခဲ့ပြီး ကျွန်ုပ်မိတ်ဆွေ ဦးရာဇာထွန်းနှင့်အတူ နေထိုင်ခဲ့သည်မှာ ၎င်းကွယ်လွန်ချိန်အထိ ဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ မွေးစားဖခင် ဦးမောင်မောင်(ကွယ်လွန်)ပြီးနောက်တွင်လည်း ကျွန်ုပ်မိတ်ဆွေ၏ မိသားစုမှနေထိုင်သည်မှာ ယနေ့အချိန်အထိ ဖြစ်ပါသည်။

သို့ပါသောကြောင့် အထက်ပါအခန်းမှ မွေးစားဖခင် မကွယ်လွန်မီအချိန်တွင်လည်းကောင်း၊ ကွယ်လွန်ပြီးနောက်ပိုင်းတွင်လည်းကောင်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်းမရှိပါကြောင်းနှင့် အထက်ပါအခန်းသည် ကျွန်ုပ်မိတ်ဆွေ နေထိုင်ပိုင်ဆိုင်လျက်ရှိသည့် အခန်းသာဖြစ်ကြောင်း အများသိစေရန်နှင့် အထက်ပါအခန်းကို ကျွန်ုပ်မိတ်ဆွေသိရှိခြင်းမရှိဘဲ ရောင်းဝယ်ခြင်းမပြုရန်နှင့် ပြုလုပ်ခဲ့ပါက မိမိတို့၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဖြူဖွေးသန့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၀၄၀၁)**
**အမှတ်(၂၈/၃၀)၊ ရွာမကျောင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၁၅၀၇၄၃**

## အမှားပြင်ဆင်ဖတ်ရှုပါရန်

(၁၀–၂–၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၆)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်သန်းသန်းစိန်၏ **"Farmer Auto Trading Company Limited ၏ဒါရိုက်တာ–ဦးစိုးဝင်းနိုင်နှင့် အများသိစေရန် ကြေညာခြင်း"အမှတ်စဉ်(၁)တွင် ဖော်ပြပါရှိသော ငွေကျပ်–၉၉,၉၀၀,၀ဝ/–(ကျပ်ကိုးရာကိုးဆယ့်ကိုးသိန်းတိတိ) အစား ငွေကျပ်မှာ–၉၉,၉၀၀,၀၀၀–(ကျပ်ကိုးရာကိုးဆယ့်ကိုးသိန်းတိတိ)**ဟုပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၁၀)၊ ဦးပိုင်အမှတ်(၉၂–က)၊ ၅၈လမ်း၊ ၂၅x၂၆လမ်းကြားရှိ ဦးသန်းထွန်း အမည်ပေါက် ဂရန်မြေကွက်အား (ဖခင်)ဦးသန်းထွန်း(မိခင်)ဒေါ်စိုးစိုးထွန်းတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၉၉၂/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် သား၊သမီးများဖြစ်သော ဒေါ်ဥမ္မာထွန်း၊ ဒေါ်လတ်လတ်ထွန်း၊ ဦးမိုးကျော်ထွန်း၊ ဦးသူရထွန်း၊ ဦးဝဏ္ဏထွန်းတို့၏(SP ရရှိသူ ဦးမျိုးဆွေ)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၂၈၉/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စုသက်ငယ် [၉/အမဇ(နိုင်)၀၂၆၆၃၂]ကအမှုတွဲအမှတ်–၇၀၆၃/၂၀၂၃–၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၂၉)၊ ဦးပိုင်အမှတ်(၄၄–က+၄၅–ခ)၊ ၃၉လမ်း၊ ၈၀x၈၁လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးစံရွှေအောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၃၉၁/၂၀၁၃)ဖြင့် သမဝါယမဘဏ်လီမိတက်(ကိုယ်စားဦးအုန်းလွင်၊ ဒုတိယအထွေထွေမန်နေဂျာ)က ဝယ်ယူခဲ့ပြီး၊ သမဝါယမဘဏ်လီမိတက်(CB Bank PCL)ကိုယ်စား အထွေထွေမန်နေဂျာဦးသန့်ဇင်ဦးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၆၆၈/၂၀၂၃)ဖြင့် ဦးစံရွှေအောင်၊ ဒေါ်ဝင်းရွှေတို့က ဝယ်ယူခဲ့ပါသည်။ ဝယ်ယူခဲ့သူ(၂)ဦးအနက် ဦးစံရွှေအောင်ထံမှ မှတ်ပုံတင် စွန့်လွှတ်စာချုပ်အမှတ်(၃၉၉၄/၂၀၂၃)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဒေါ်ဝင်းရွှေ[၁/ကမန(နိုင်)၀၁၀၆၄၄]က အမှုတွဲအမှတ်–၀၇၇၀/ဘ(ပြောင်း)/၂၀၂၃–၂၀၂၄ ဖြင့် ဘိုးဘ/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ မင်းဘာကြီးလမ်း၊ အမှတ်–မ၀/၂/၅၉(က) မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ အင်ဘာလာအကွက်၊ ဦးပိုင်အမှတ်–၁၉(ဃ)၊ ဧရိယာ(၀.၀၂၂)ဧက အရှည်ရှိသော မြေကွက်အား ရောင်း/ဝယ်၊ လွှဲပြောင်း၊ ပေးကမ်း၊ အာမခံထားရှိခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ လက်ခံရယူခြင်း၊ မြေကွက်အမည်ပြောင်းခြင်းများကို မပြုလုပ်ကြရန် တားမြစ်ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ မင်းဘာကြီးလမ်း၊ အမှတ်–မ၀/၂/၅၉(က)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးဆော်လီအာမတ်(ခ)မောင်လှ၊ မှတ်ပုံတင်အမှတ်–အေကေဘီ–၁၈၈၉၀၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

အထက်ဖော်ပြပါ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးဆော်လီအာမတ်(ခ)မောင်လှနှင့် ဦးဆီဒီအာမတ်(အေကေဘီ–၁၉၄၄၆၈)တို့က (၇–၉–၁၉၉၈)ရက်စွဲပါ ဘိုးဘွားပိုင် အိမ်ရာမြေကို အပိုင်ရောင်းချသော စာချုပ်ဖြင့် ပူးတွဲဝယ်ယူထားသော မြေကွက်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးဆော်လီအာမတ်(ခ)မောင်လှ၏ သဘောတူညီမှုမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်း/ဝယ်၊ လွှဲပြောင်း၊ ပေးကမ်း၊ အာမခံထားရှိခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ အမည်ပြောင်းခြင်း၊ လက်ခံရယူခြင်း စသည့်တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ လုံးဝပြုလုပ်ခွင့်မရှိကြောင်းနှင့် အကယ်၍ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဆော်လီအာမတ်(ခ)မောင်လှ**
**(အေကေဘီ–၁၈၈၉၀၀)**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအေမ်ရာန် (စဉ်–၉၈၄၂၈)**
**တရားလွှတ်တော်ရှေ့နေ**
**LL.B, LL.M (Civil Group)**
**Dip In International Law**
**တိုက် (၄/၃၀၂)၊ လှိုင်သီရိအိမ်ရာ၊**
**အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၉၇၄၂၄၀၂၆၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ–၁၀)၊ ဦးပိုင်အမှတ်(၁၁)၊ မဥ္ဇူလမ်းနှင့်၄၇လမ်းထောင့်ရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးကံမြင့်၏(SP ရရှိသူ ဦးစိုးဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၂၁၅/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကြည်ကြည်ဝင်း[၉/မကန(နိုင်)၁၁၂၅၄၇]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်–၇၀၈၁/၂၀၂၃–၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဈ–ရပ်ကွက်၊ အကွက်အမှတ်၊ ပပ–၁၆၊ ဦးပိုင်အမှတ်(၁၂)/၁၃၅x၁၃၆ လမ်းကြား၊ ၆၁ လမ်းရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဖခင် ဦးရဲညွှန့်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၃၅၆၂/၂၀၁၆)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဦးမြင့်လွင်ဦး [၉/မနတ(နိုင်)၀၉၇၈၃၅]၊ ဒေါ်ခိုင်ဇင်ဦး[၉/ခအဇ(နိုင်)၀၁၂၀၀၇]တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၁၂၇/၂၀၁၅)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်မျိုးဦး[၉/စကတ(နိုင်)၀၆၆၁၃၆]က မြေချထားမိန့်၊ ငွေသွင်းပြေစာ၊ ဘဏ်ချလန်မူရင်းများမှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း၊ ရဲစခန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့ကိုတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂–ဘီ၅)(ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်(၃၆၆/D)၊ အကျယ်အဝန်း(အလျား၆၄'/၆၅'xအနံ၁၃၂'/၁၃၇')၊ ဧရိယာ(၀.၁၉၉)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်ခွဲစိတ်ဆဲကာလဖြစ်ပြီး လိုင်စင်အင်ဂျင်နီယာပုံပါ မြေအကျယ်(အလျား၅၂'/၅၇'x အနံ၆၄' ၆"/၆၄')၊ ဧရိယာ(၀.၀၈၁)ဧကရှိ မြေကွက်လိုင်စင်အင်ဂျင်နီယာပုံတွင် (P–3)ဟုဖော်ပြထားသော ခိုင်သဇင်လမ်းနှင့် ကိုယ်ပိုင်လမ်းထောင့်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ချိုသွယ်ဆန်း[၁၂/ဥကတ(နိုင်)၀၃၂၁၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြလှဲ့ဝင်း(L.L.B ) အထက်တန်းရှေ့နေ (စဉ်–၂၀၉၅၁)**
**အမှတ်–၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph –၀၉–၅၁၅၁၈၃၃၊ ၀၉–၅၀၉၀၅၅၃**

**မိဘမေတ္တာ**
**ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊**
**တောင်ပိုင်း၊ မြောက်ပိုင်း**
**ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ**
**ဈေးကောင်းပေးဝယ်လိုသည်။**
**09 422 848 224**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ–၃)၊ ဦးပိုင်အမှတ်(၇၄)၊ ၆၆x၆၇လမ်းကြား၊ ၁၃၀x ၁၃၁ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်မေအေး(ခ)ဒေါ်တံတွယ် [၉/မရမ(နိုင်)၀၆၇၆၃၈] ၏ (GP ရရှိသူ ဦးအောင်သူ)က တောဂရန် စာချုပ်နှင့်အတူအမှုတွဲ အမှတ်–၇၀၇၁/ ၂၀၂၃–၂၀၂၄ ဖြင့် တောမှ မြို့ပြောင်း/ သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## မိဘအမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ် အ ထ.က( ခွဲ) နိုင်လုံ Grade 9 မှ မောင်ရှိန်းကို၏ မိဘအမည်မှန်မှာ ဦးတင်အောင်၊ ဒေါ်သီတာဝင်း ဖြစ်ပါကြောင်း။

**ဦးတင်အောင်၊ ဒေါ်သီတာဝင်း**

## ပတ်စ်ပို့ပျောက်

ကျွန်မ မအေးသဇင်မြင့်[၇/တငန(နိုင်)၁၇၉၆၅၃]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–771240227**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၄၁ )၊မြေကွက်အမှတ်–(၁၀၆၄)၊ရွှေတဆုတ်လမ်းဟုခေါ်တွင်သော ဒေါ်အေးသင်း အမည်ပေါက် အကျယ်အဝန်း (၄၁'x၆၀') အနက်မှ မြေကွက်အမှတ်(၁၀၆၅)နှင့် ကပ်လျက် (ခြေရင်းခြမ်း) (၂၀'. ၆"x ၆၀')ရှိ မြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်ကို အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဦးဇင်မိုးသန်း [၁၂/လမန(နိုင်)၁၃၇၀၉၇]မှ ပိုင်ဆိုင်ကြောင်း၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးဟိန်း [၅/ရဥန(နိုင်)၀၇၆၈၂၆]က အပြီးအပိုင် ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ –**
**ဦးအောင်မျိုးဟိန်း**
**[၀၉–၄၂၁၇၄၈၈၇၈]**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝင်းဝင်းခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ (စဉ်–၈၈၁၇)**
**အမှတ် (၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊**
**၃/ရပ်ကွက်၊သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၃၀၆၅၉၃၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ–၃)၊ ဦးပိုင်အမှတ်(၇၇)၊ ၇၁x၇၂လမ်းကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဦးချစ်ဆွေ အမည်ပေါက် ဂရန်မြေကွက်အား (ဖခင်)ဦးချစ်ဆွေ(မိခင်)ဒေါ်ကီတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၁၆၀/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သည့်သား/သမီးများဖြစ်သော ဒေါ်ထိုက်ထိုက် [၉/ခအဇ(နိုင်)၀၀၁၄၉၀]၊ ဦးရဲနိုင်[၉/ခအဇ(နိုင်)၀၀၁၈၂၆]၊ ဦးရဲစိုး[၉/ခအဇ(နိုင်)၀၀၁၈၂၇]၊ ဒေါ်ထက်ထက် [၉/ခအဇ(နိုင်)၀၂၂၈၇၆]တို့၏(SP ရရှိသူ ဒေါ်ဝင်းလှဲ့ဦး)တို့က အမှုတွဲအမှတ်–၇၀၆၆/၂၀၂၃–၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၁ ရပ်ကွက်၊ အကွက်အမှတ်(တ–၃)၊ ဦးပိုင်အမှတ်(၃၆)၊ ၆၃လမ်း၊ ၁၀၂x၁၀၃လမ်းကြားရှိ Dr. ဦးကျော်စိန် အမည်ပေါက် ဂရန်မြေကွက်အား (ဖခင်)Dr.ဦးကျော်စိန်(မိခင်)ဒေါ်တင်တင်အေးတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၁၂၀/၂၀၂၂) ဖြင့် အမွေဆက်ခံခဲ့သည့်သား/သမီးများဖြစ်သော ဦးအောင်မြတ်ကျော်စိန် [၁၂/ဗဟန(နိုင်)၀၄၅၈၈၂]၊ ဒေါ်စံစံကျော်စိန် [၁၂/ကမရ(နိုင်)၀၂၀၉၁၃]တို့၏ (GP ရရှိသူ ဦးအောင်ထွေးမောင်)၊ ဒေါ်ဆွေဆွေကျော်စိန် [၁၂/ဗဟန(နိုင်)၀၄၈၆၅၄]၏ (GP ရရှိသူမောင်တင်ဦးမောင်)တို့က အမှုတွဲအမှတ်–၇၀၇၆/၂၀၂၃–၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

ကြေးမုံသတင်းစာ (၈–၂–၂၀၂၄)ရက်စွဲပါ ကြော်ငြာစာမျက်နှာ (၁၉)၌ ဖော်ပြပါရှိသည် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ရုံးကြီးလမ်း၊ အမှတ် ၃၄၊ ပထမထပ် အစား ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ရုံးကြီးလမ်း၊ အမှတ် ၃၄၊ ပထမထပ်၊ ခေါင်းရင်းခန်း၊ 2A ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B) အထက်တန်းရှေ့နေ (စဉ်–၅၃၅၄၃)**
**တိုက်အမှတ်–၉/၁၁၊ ၃/ခ ၊ မြေညီ၊ ၃၆–လမ်းတို(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၅၄၂၂၃၇၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/ဘီ)၊ လူနေရပ်ကွက်အမှတ်–ပျဉ်းမပင်မြောက်၊ ရွက်လှလမ်း၊ မြေကွက်အမှတ်(၅၁၈)ဟုခေါ်တွင်သော အကျယ်အဝန်း(၆၀x၆၀)ပေ၊ (၀.၀၈၂)ဧက၊ (၃၆၀၀) စတုရန်းပေရှိ ဗိုလ်မှူးစန်းလွင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦ အပါအဝင် ရေမီးစုံ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက်လုပ်ကိုင်ခွင့်ရရှိသူ ဦးပေါလူငါးရယ် [၂/ဖရဆ(နိုင်)၀၀၀၅၆၆] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၅၀၅၉၈၆၂၄၊ ၀၉–၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ တိုက်အမှတ်(၄၀၂/က) (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ ဒုတိယထပ်(၃-လွှာ)၊ ခြေရင်းခန်း ဟုခေါ်တွင်သော နေအိမ် တိုက်ခန်းကို ဒေါ်နွယ်နီလွင်[၁၂/ပဇတ(နိုင်)၀၀၁၇၈၀]သည် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထွန်း[၁၄/လပတ(နိုင်)၀၀၈၈၆၆] မှ ဝယ်ယူရန် သဘောတူခဲ့သည့်အလျောက် (၈-၂-၂၀၂၄)ရက်နေ့တွင် တိုက်ခန်းအရောင်းအဝယ်စရန်ပေး ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအငြင်းပွားခြင်း၊ ပြဿနာတစ်စုံတစ်ရာ အရှုပ်အရှင်းတစ်စုံတစ်ရာရှိပါက သက်ဆိုင်သူများသည် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းထွန်းထံသို့ လူကိုယ်တိုင်တိုက်ရိုက်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် ကတိစာချုပ်ပါ နေ့ရက်အတိုင်း ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်ဝင်းမေ**
**အထက်တန်းရှေ့နေ (စဉ်-၅၁၀၆၄)**
**ဖုန်း-၀၉-၉၆၉၇၅၅၆၅၇၊ ၀၉-၇၇၄၈၈၇၄၇၃**
**ရုံးလိပ်စာ -အမှတ်(၅၆၆/က)၊ မြို့မလမ်း၊ (မြေညီ)၊**
**၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ယမုံနာ-၂၊ မြေကွက်အမှတ်-၃၀၀၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၃၀၀၊ ရွာမလမ်း၊ ယမုံနာ-၂ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးဘိုရေး [၁၂/ဒပန(နိုင်)၀၁၇၈၆၇]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဘိုရေး[၁၂/ဒပန(နိုင်)၀၁၇၈၆၇](ခင်ပွန်း) သည်(၂၄-၁၂-၂၀၁၄)ရက်နေ့တွင်ကွယ်လွန်ကြောင်းတင်ပြ၍ ဒေါ်ခင်သန်း [၁၂/ဒပန(နိုင်)၀၁၇၈၆၈]မှ တရားဝင်ဇနီးဖြစ်ကြောင်း၊ အခြားသော ဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ တရားဝင်ဇနီးဖြစ်သူ မိမိမှမြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ နှစ်(၆၀)ဂရန်မူရင်း၊ ဦးဘိုရေး၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာ တို့တင်ပြ၍ ဒေါ်ခင်သန်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၈၁၄၉/၂၀၂၃(၈-၅-၂၀၂၃) ဖြင့်ရသူ ဦးသိန်းဇော်ထူး[၁၂/ဒပန(နိုင်)၀၃၆၀၉၀]မှ အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားသူ ယနေ့တိုင်သက်ရှိထင်ရှားရှိကြောင်းနှင့် အဆိုပါလွှဲအပ်ထားသောကိုယ်စားလှယ်လွှဲစာတို့လည်း ပြန်လည်ရုပ်သိမ်းခြင်းမပြုသေးသည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးသန်းမြင့်၊ ဦးဇော်ဇော်ဟိန်း တို့နှင့် အများသိစေရန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ညောင်ကိုင်လမ်းနေ ဒေါ်ရီရီထွန်း [၈/မထန(နိုင်)၀၀၁၅၆၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကြီးအောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ်(၅၅၈)ဟုခေါ်တွင်သော ဦးသန်းမြင့်(TRY-၀၇၃၀၈၉)အမည်ပေါက် နှစ်(၆၀)ဂရန်အမျိုးအစား အကျယ်အဝန်း အလျားxအနံ(၄၀ပေx၆၀ပေ)ရှိ မြေကွက်အား ကျွန်ုပ်မိတ်ဆွေ ဒေါ်ရီရီထွန်း သည် ဦးဇော်ဇော်ဟိန်း[၁၂/ဥကမ(နိုင်)၁၈၇၆၄၄] ထံမှ(၂၅-၁-၂၀၂၄)ရက်နေ့တွင် ရောင်းဖိုးငွေအား အပြေအကျေပေးချေပြီး လက်ရောက်ရယူထားပြီးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်ရီရီထွန်းသည် အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူသူအဖြစ်မှ တရားဝင်ဝယ်ယူသူအဖြစ် အရောင်းအဝယ်အထမြောက်စေရန် နိုင်ငံတော်၏တည်ဆဲဥပဒေများနှင့်အညီ အခွန်အခများထမ်းဆောင်ပြီး အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုလိုပါသဖြင့် အမည်ပေါက် ဦးသန်းမြင့်(TRY-၀၇၃၀၈၉)အနေဖြင့် ကတိအတိုင်း ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အား ဆက်သွယ်ချုပ်ဆိုပေးပါရန် နှင့် ဆက်သွယ်ချုပ်ဆိုပေးခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေမှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာထွန်း(LL.B)** | **ဒေါ်အိအိဝေ(LL.B)** |
| **(စဉ်-၄၉၂၈၄)** | **(စဉ်-၅၃၅၉၉)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၃၃၃)၊ နဝရတ်ရေစင်(၁)လမ်း၊ ပြည်တော်သာစက်မှုရပ်ကွက်၊**
**လှည်းကူးမြို့နယ်။ Ph-09-250351702,09-261446441**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

